အခြေခံ သတင်းအချက်အလက်။

International
Labour
Organization

# SCREAM

## ကလေးအလုပ်သမားကို ရပ်ပစ်

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး
လမ်းကြောင်းများမှတဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။



SCREAM

ကလေးအလုပ်သမားကို ရပ်ပစ်

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှ
တဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။

# အခြေခံ သတင်းအချက်အလက်။

ILO (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့)

မူပိုင်ခွင့် - အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၇

ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၇

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ထုတ်ဝေမှုကို အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်ရေးရာ သဘောတူညီချက် အမှတ် (၂)မှ အချက်များနှင့်အညီ ဆောင်ရွက်ထားပါသည်။ သို့သော်လည်း ထုတ်ဝေထားသည်များမှ ခွင့်ပြုချက်မရရှိဘဲ ကောက်နုတ်ဖော်ပြမှုများအတွက် ရင်းမြစ်ရယူရာနေရာကို ဖော်ပြ ရမည်ဖြစ်သည်။ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်းများအတွက် ILO ထုတ်ဝေခြင်းဆိုင်ရာဌာန (အခွင့်အရေးများနှင့်လိုင်စင်ဆိုင်ရာ)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH -1211၊ ဆွစ်ဇာလန်သို့ လည်းကောင်း သို့မဟုတ် rights@ilo.org သို့ အီးမေးလ် ပို့၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးမှလည်း ထိုသို့ လျှောက်ထားမှုများကို ကြိုဆိုပါသည်။

ပြန်လည်ထုတ်ဝေခွင့်ဆိုင်ရာ ခွင့်ပြုချက်များရရှိထားသည့် စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားသော မှတ်ပုံတင်ထားသူများ သည် ၎င်းတို့ကို ခွင့်ပြုထားသည့် ထုတ်ဝေခွင့်ဆိုင်ရာ လိုင်စင်ပါအချက်များနှင့်အညီ မိတ္တူပွား ဖြန့်ဝေရမည်ဖြစ်သည်။ သင်၏နိုင်ငံတွင် ရှိသော ပြန်လည်ထုတ်ဝေခွင့် ဆိုင်ရာ မူပိုင်ခွင့်များကို သိရှိနိုင်ရန်အတွက် www.ifrro.org သို့ဝင်ရောက်လေ့လာနိုင်ပါသည်။

---

IPEC

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM) - ပညာရေး ပစ္စည်းများ/ အပြည်အပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (IPEC) - မြန်မာ - ILO , ၂၀၁၇

ISBN: 9782-831294-2-92- (Print), 9789-831295-2-92- (Web PDF)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ILO အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်

အင်္ဂလိပ်ဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်။ Supporting children’s rights through education, the arts, and media (SCREAM): Education Pack (ISBN 9784-113240-2-92-), Geneva, 2002; အခြားသော ဘာသာစကား ၂၀ ဖြင့်လည်း ကြည့်ရှုနိုင်သည်။ http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_1559/lang--en/index.htm.

ထုတ်ဝေမှုဆိုင်ရာအချက်အလက်များအတွက် ILO ၏ ကတ်တလောက်ထားရှိပုံ

## မှတ်စု

ဤစာစောင်သည် ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM)- ပညာရေး ပစ္စည်းများဖြစ်သည်။ IPEC မှ ကလေးအလုပ်သမား ပပျောက်ရေးအတွက် လှုပ်ရှားမှုတိုးမြင့်ရန် အလို့ငှာ ဤထုတ်ဝေခြင်း၏ အပိုင်းအားလုံး သို့မဟုတ် ဘာသာပြန်ဆိုမှု သို့မဟုတ် ဆီလျော်အောင်ပြုပြင်ခြင်း၊ ထပ်မံထုတ်ဝေခြင်း၊ ပြန်လည်ပုံနှိပ်ခြင်းများပြုလုပ်ရန် တိုက်တွန်း ထားသည်။

ဤပညာရေး ပစ္စည်းကို အီတာလီ အစိုးရမှ ထောက်ပံ့ထားသည့် IPEC စီမံကိန်း INT/99/M06/ITA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

မြန်မာဘာသာဖြင့်ထုတ်ဝေမှုအတွက် ရံပုံငွေကို အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာန မှကျခံပါသည် (Project MMR/1310//USA)။

ဤထုတ်ဝေမှုသည် အမေရိကန်အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များ၊ အမေရိကန်အစိုးရမှ ထောက်ခံခွင့်ပြုထားသည့် ကုန်သွယ်ရေးအမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကို ညွှန်းဆို ထင်ဟပ်ဖော်ပြထားခြင်းမဟုတ်ပါ။

---

ILO ထုတ်ဝေမှုများတွင် ရွေးချယ်သတ်မှတ်ချက်ခန့်ထားမှုများမှာ ကုလသမဂ္ဂ၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းတင်ပြသည့် အကြောင်းအရာများသည်လည်း မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် အာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ်အကန့်အသတ် တို့နှင့် သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများ အပေါ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံး၏ ထင်မြင်ယူဆချက်များကို ညွှန်းဆို ဆောင်ရွက်ထားခြင်း မဟုတ်ပါ။

သုံးသပ်တင်ပြသည့် ဆောင်းပါးများ၊ လေ့လာမှုများနှင့် အခြားသော အကြံပြုဆွေးနွေးမှုများတွင် ပါရှိသည့် အယူအဆ ထင်မြင်ချက်များသည် ၎င်းတို့ကိုရေးသားသူများအပေါ်တွင်သာ လုံးဝသက်ဆိုင်တာဝန်ရှိပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံးမှ ထိုဖော်ပြချက်များအပေါ်တွင် ထောက်ခံအကြံပြုခြင်း မပါဝင်ပါ။

စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်း များသည် ILO ရုံးမှ ထောက်ခံတင်ပြထားခြင်း မဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ ၏အမည်များကို မဖော်ပြခြင်းသည်လည်း ထည့်သွင်းရန် သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

ILO မှထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်ကုန်များကို အကြီးစား စာအုပ်ရောင်းဝယ်သူများနှင့် ဒစ်ဂျစ်တယ် နည်းပညာ ဖြန့်ဝေမှု ပလက်ဖောင်းများမှ တဆင့် ရရှိနိုင်ပြီး ilo@turpin-distribution.com မှလည်း တိုက်ရိုက် မှာယူ ရရှိနိုင်ပါသည်။ အချက်အလက်များပိုမိုရယူလိုပါက www.ilo.org/publns သို့မဟုတ် ilopubs@ilo.org သို့ဆက်သွယ်ပါ။

**www.ilo.org/ipec သို့ဝင်ရောက်ကြည့်ရှုပါ**

PDF ဖြင့်သာ ကြည့်ရှုနိုင်သည်။

## ဦးတည်ချက်။

ကလေးအလုပ်သမား နောက်ခံ သတင်းအချက်အလက်နှင့် ပြဿနာကို ဂန်းရုံထားသည့် ရှုပ်ထွေးသော ဆွေးနွေး အဖြေရှာရမည့် ကိစ္စရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက်ရန် တင်ပြထားပါသည်။





## အကျိုးအမြတ်။

လူရွယ်များစိတ်ဝင်စားမှုနှင့် စူးစမ်းလိုမှုရှိရန်စေ့ဆော်ပေးသည်။ ထိရောက်ခိုင်မာသည့် စာရင်းအင်း အချက်အလက်များ၊ သတင်းအချက်အလက်များနှင့် ရုပ်ပြလူထုဆက်သွယ်ရေးများကို အသုံးပြုပြီး သူတို့၏ ပတ်ဂန်းကျင်ရှိ ကလေးအလုပ်သမားများအခြေအနေကိုစိတ်လှုပ်ရှားခံစားမှု ဖြင့်တုန့်ပြန်မှု ပေါ်ထွက်လာစေမည်။

## အချိန်။

သင်ကြားချိန် (၂)ချိန်

## စေ့ဆော်မှု။

အိုင်အယ်လ်အို၏ မကြာသေးမီကခန့်မှန်းချက်အရ အသက် ၁၈ နှစ်အောက် ကလေးအလုပ်သမားများသည် ကမ္ဘာတစ်ဂှမ်းတွင် ၂၄၅ သန်း ရှိပါသည်။ ထိုအထဲမှ ကလေးပေါင်း ၁၇၉ သန်းသည် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း ခံနေရသော ကလေးအလုပ်သမားများ ဖြစ်ပါသည်။



စုစုပေါင်းအလုပ်ခန့်ထားသည့် ကလးများအနက် အသက်အုပ်စု ၅ နှစ်မှ ၁၄ နှစ်ကြားကလေးများသည် အာဖရိက ဆာဟာရအပိုင်း၊ အာရှနှင့် ပစိဖိတ်ဒေသများတွင် ၈၃ ရာခိုင်နှုန်းကျော်ရှိသည်။ ကလေးအလုပ်သမား အများအပြား သည် ပညာမသင်ကြားရဘဲ၊ ရုပ်ပိုင်း၊ လိင်ပိုင်းနှင့် စိတ်လှုပ်ရှားခံစားရမှုပိုင်းများတွင် မတော်မတရားပြုကျင့်မှုများခံစား နေရပါသည်။ အလုပ်လုပ်ရသည့်အတွက်အချို့သည် လူကြီးဘဂကူးပြောင်း မရောက်မီတွင် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု သို့မဟုတ် သေဆုံးသည်အထိ ဖြစ်ရသည်။ အခြားသူများသည် ဘဂမလျောက်လုံး စိတ်လှုပ်ရှားခံစားရမှု လုံခြုံမှု မရှိကြတော့ပါ။



အများစုအတွက် ကလေးအလုပ်သမားများသည် မြင်တွေ့၍ မရနိုင်သောအရာဖြစ်သည်။ မမြင်တွေ့ နိုင်ရခြင်းမှာ ကလေးများသည် ဖုံးကွယ်ထားသည့် အလုပ်များတွင် လုပ်နေကြသောကြောင့် ဖြစ်သည်။ လူမှုအဖွဲ့အစည်းကလည်း မမြင်ယောင်ဆောင်နေသောကြောင့် ဖြစ်သည်။ ကမ္ဘာတလွှား ကလေအလုပ်သမား မည်မျှ ရှိနေသည်ကို ဆန်းစစ်ရန် အိုင်အယ်လ်အို ကလက်ခံနိုင်ဘွယ်ရာ လမ်းကြောင်းများဖြင့် ဆောင်ရွက်နေ သည်။ သို့သော် ထိုသုတေသနပြုမှုသည် အချိန်ယူသည်။ သတိကြီးစွာဖြင့် ဆောင်ရွက် ရသည်။ ပို၍ အန္တရာယ်ကျရောက်လွယ်သော ပုံစံများဖြင့် လုပ်နေရသော ကလေးများ၊ ဥပမာ-ကလေး ပြည့်တန်ဆာ၊ ကလေးစစ်သားများ၊ အိမ်ဖော်များသည် သုတေသီများ၏ လုပ်ငန်းအတွက် အလွန်ခက်ခဲစေသည်။ မည်သို့ဆိုစေ ကလေးအလုပ်သမားများကိုမြင်သာအောင်ပြုလုပ်ခဲ့လျှင် လူမှု အသိုင်းအဝိုင်းက ဂရုမပြုခဲ့သောအမြင်များကိုဖယ်ရှားပစ်နိုင်သည်။ ဤလုပ်ငန်းစုများသည် ကလေးအလုပ်သမားများ ကို မြင်သာအောင် ပြုလုပ်ခြင်းနှင့်ဆိုင်သည်။

ကလေးအလုပ်သမားပပျောက်အောင်ပြုလုပ်သည့်လုပ်ငန်းကို ရေရှည်ဆောင်ရွက်မှုတွင် ပညာရေးနှင့် မရှိနွမ်းပါးမှု ပပျောက်ရေးတို့သည် အဓိကအပိုင်းများဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် အသက် ၁၀ နှစ်နှင့် ၁၄ နှစ်ကြား ကလေးများ အားလုံး၏ ၁၃ ရာခိုင်နှုန်းကျော်သည် ကျောင်းမတက်ဘဲ အလုပ်လုပ်ခဲ့ကြရသည်။ ကလေးတစ်ယောက် သည် နှစ်စဉ်နှစ်တိုင်း ကျောင်းတက်ခဲ့မည်ဆိုလျှင် စီးပွားရေး၏ ကျေးကျွန်ဖြစ်ရမှုဖြင့် အဆုံးသတ်ရမည့်အခြေအနေကို လျော့ပါးသွားစေသည်။ ပညာရေးသည် ကလေးတိုင်းရရှိခွင့်ရှိသည့် အခွင့်အရေးဖြစ်သည်။ သို့သော် ပညာရေး



## အသုံးပြုမည့်သူအတွက် မှတ်စု

ဤလုပ်ငန်းစုကို သင်တန်းအစီအစဉ် အစောပိုင်းတွင် သုံးစွဲသင့်ပါသည်။ ပထမဆုံး သို့မဟုတ် ပေါင်းစပ်ရုပ်ပုံကားချပ် လုပ်ငန်းစုဖြင့် တွဲဘက်သုံးနိုင်သည်။ ယင်းလူရွယ်များ၏ စိတ်ထဲတွင် ကလေးအလုပ်သမား၏ ရုပ်ပုံကိုပုံဖေါ်ရာတွင် ယင်းလုပ်ငန်းစုနှစ်ခုသည် တခုနှင့်တခု အထောက်အကူ ဖြစ်စေပါသည်။ အခြားလုပ်ငန်းစုများအားလုံး သို့မဟုတ် အချို့တစ်ဂက်ကို ဆောင်ရွက် ရာတွင် ခိုင်မာသည့် အခြေခံ ရရှိစေပါသည်။

သင့်အနေဖြင့် နောက်ပိုင်းအဆင့်များ ဆက်လုပ်ရန် ဆုံးဖြတ်ခဲ့လျှင်၊ သုတေသနနှင့် သတင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းစုများကိုဆက်လုပ်ရန်အကြံပြုအပ်ပါသည်။ ယင်းတို့သည် ကလေအလုပ်သမားအရေး ဆွေးနွေးအဖြေရှာရမည့် ကိစ္စရပ်များကို လူငယ်များအား ၄င်းတို့ကိုယ်တိုင်ဖေါ်ထုတ်နိုင်ရန် တွန်းအားပေးပါသည်။ ထို့ကြောင့် ထိုကိစ္စရပ်များကို ပိုမိုသိရှိလိုသည့် စိတ်အားထက်သန်မှု လျော့ကျမသွားရန် သို့မဟုတ် လုပ်ရမည့်အလုပ်များ အနှောက်အယှက် မဖြစ်စေရန်၊ဦးဆောင်အဖွဲ့အစည်းများ၊ အစိုးရများနှင့် လူထုဆက်သွယ်ရေးတို့က ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲသော စာရင်းအင်းအချက်အလက်များကိုသာ ဤလုပ်ငန်းစု တွင်သုံးစွဲထားပါသည်။

အရည်အသွေးသည်ကောင်းမွန်ပြီးအခမဲ့ တက်ရောက်ခွင့်ရှိနိုင်ရမည်ဖြစ်သည်။ သို့မဟုတ်ပါက အများဆုံးလိုအပ်နေ သော ကလေးများအတွက် လက်လှမ်းမမီဘဲ ဆီလျော်မှုရှိနိုင်မည်မဟုတ်ပါ။

ဤလုပ်ငန်းစုသည် သင့်အုပ်စုတွင်ပါဝင်သောလူရွယ်များအတွက် "မြင်ကွင်းတစ်ခုဖေါ်ထုတ်နိုင်ရန်" အထောက်အကူ ဖြစ်စေမည့် အခြေခံအချက်အလက်နှင့် စာရင်းဇယားများကို ပေးထားပါသည်။ လူရွယ်များကို အချို့ကိန်းဂဏန်းများပေးသိသည့်အခါရင်းတို့သည် ရနိုင်သမျှသတင်းအချက်အလက်များထဲမှ အကောင်းဆုံးအချက်များအပေါ် အခြေခံ ထားသည် ဆိုသည်ကို အသိပေးရန်အရေးကြီးပါသည်။ ကလေးအလုပ်သမားဆိုင်ရာ အချက်များ၏ အစစ်အမှန် အခြေအနေသိရန် လုပ်ဆောင်နေဆဲဖြစ်သည်ကို အသိပေးရပါမည်။ စိတ်ကူးမှာအုပ်စုအနေဖြင့် စီမံချက် ဆောင်ရွက်နိုင်မည့် လမ်းကြောင်းပွင့်သွားရန် သတ်မှတ်မှုဘောင်နှင့် အဆင်သင့်ဖြစ်မှုတို့ကို စတင်ပေါင်းစပ်ရေး ဖြစ်ပါသည်။



## အသုံးပြုမည့်သူအတွက် မှတ်စု

ဗီဒီယို ပြစက်ရရှိနိုင်ပြီး ဂျီနီဗာတွင်ရှိသော အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ် ဗဟိုရုံးချုပ်နှင့် အဆက်အသွယ်ရနိုင်မည်ဆိုလျှင် (ဆက်သွယ်ရမည့် လိပ်စာ အပြည့်အစုံကို အသုံးပြုသူများ လက်စွဲတွင်ကြည့်) ၁၈ မိနစ်စာ ဗီဒီယိုအခွေကို တောင်းခံနိုင်ပါသည်။ ဗီဒီယိုအခွေမှာ "ကလေးအလုပ်သမား တိုက်ဖျက်ရေး တစ်ကမ္ဘာလုံးအရေး" ဖြစ်သည်။ယင်းဗီဒီယိုသည်လူရွယ်များအတွက် ကလေးအလုပ်သမားအရေး ဆွေးနွေး အဖြေရှာရမည့်ကိစ္စနှင့်ပတ်သက်၍ မိတ်ဆက်ပေးသည့်ထိရောက်မှုရှိသော ဗီဒီယိုဖြစ်သည်။ အပြည်ပြည် ဆိုင်ရာ ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ် နှင့်ပတ်သက်သောနောက်ခံအချက် အလက်အချို့ပါဝင်သည်။ အန္တရာယ်ကျရောက်လွယ်သော အလုပ်သမားပုံသဏ္ဍာန်များဖြင့် လုပ်နေရသည့် ကလေးများကို ရိုက်ကူးထားသည် များလည်းပါဝင်သည်။ ယင်းပြကွက်များ၏ အသိပေးသော သတင်းအချက်အလက်များကို မျက်ကွယ်ပြုရန် ခက်ခဲမည် ဖြစ်ပါသည်။

ကမ္ဘာတစ်ဝှမ်း အခြားသောအဖွဲ့အစည်းများသည်လည်း ကလေးသူငယ်ကို ခေါင်းပုံဖြတ်ခြင်းနှင့် ဆိုင်သောဗီဒီယိုများ ရိုက်ကူးပါသည်။ ဥပမာ- ကျွေးမြီနှောင်ဖွဲ့ခံရခြင်း သို့မဟုတ် ကျွန်ပြုခံရသည့်ကလေးအလုပ်သမား။ နိုင်ငံအတွင်းရှိ ယင်းအဖွဲ့အစည်းများဖြင့် ဆက်သွယ်ပြီး ငှားရမ်း၍ ရမရ မေးမြန်းနိုင်ပါသည်။ အချို့နိုင်ငံများတွင် လူ့အခွင့်အရေး/ ဖွံ့ဖြိုးရေးဌာနများ ရှိပါသည်။ ထိုစီမံချက်အတွက် စာကြည့်တိုက်များရှိပြီး ငှားရမ်းသည့် ဝန်ဆောင်မှုများပေးပါသည်။ မိမိနှင့် အနီးဆုံးဌာနသို့သွား၍ စီမံချက်အကောင်အထည်ဖော်ရာတွင်အသုံးဝင်မည့် မည်သည့်ဗီဒီယိုနှင့် အခြားအရင်း အမြစ်များရရှိနိုင် မည်ကိုရှာဖွေပါ။ အချို့အစိုးရဌာနများတွင် တိုင်ပင်ဆွေးနွေးနိုင်သည့် ပြန်ကြားရေးဌာများ ရှိပါသည်။ သတင်းအချက်အလက်ရရှိနိုင်သည့် ဌာနတိုင်းဖြင့်ဆက်သွယ်ပြီးရရန်ကြိုးစားပါ။ သို့သော် ကလေးအလုပ်သမား အရေးကိုသာ ဦးတည်ရပါမည်။



## ကြိုတင်ပြင်ဆင်ခြင်း

ဤလုပ်ငန်းစုအတွက် ကြိုတင်ပြင်ဆင်စရာ အနည်းငယ်လိုအပ်သည်။ သင်လိုအပ်မည့် သတင်းအချက် အလက်များ ကို နောက်ဆက်တွဲများတွင် ပေးထားပါသည်။ လေ့ကျင့်ခန်းလုပ်သည့်အခါအုပ်စုအတွင်း အထွေထွေဆွေးနွေးမှု ပြုလုပ်ရန် လိုအပ်ပါသည်။ သင်၏အဓိကအလုပ်မှာ ထိုဆွေးနွေးမှုအရှိန်မပျက်ရန် နှင့် ဆွေးနွေးသူများ၏ စိတ်ဝင် စားမှုကို ထိန်းထားနိုင်ရေးဖြစ်သည်။ ဤသို့ထိန်းထားနိုင်ရန်လုပ်ငန်းစုထဲမှ သတင်းအချက်အလက်ကို ကြားဝင် ပြောပြခြင်း ပါဝင်ပါသည်။ ယင်းနှင့် ပတ်သက်ပြီးမေးခွန်းများမေးခြင်း နှင့် ဆွေးနွေးခြင်းပြုလုပ်ရသည်။ စီမံချက် လေးနက်မှုရှိစေရန် ဤပထမဆုံးလုပ်သည့်လေ့ကျင့်ခန်းသည် အသုံးဝင်နိုင်ပါသည်။ ဤစီမံချက်သည် ပုံမှန် သမားရိုးကျ ပညာသင်ကြားမှုဖြင့် အနည်းငယ်ကွာသည်ကိုလည်း အုပ်စုအားသိထားပါစေ။

နောက်ဆက်တွဲများတွင်ပါဝင်သည့် ကိန်းဂဏန်းနှင့် နောက်ခံအချက်အလက်များကို လေ့လာထားရပါမည်။ သင်ခန်းစာမစမီ ယင်းအချက်များကိုပိုင်နိုင်ရန် လုပ်ထားရမည်။ သင်ဆွေးနွေးလိုသည့် အကြောင်းဆုံးဖြတ်ရာတွင် အထောက်အကူ ဖြစ်စေပါသည်။

## သင်လိုအပ်မည့် အရာများ



ဤလုပ်ငန်းစုအတွက် ပစ္စည်းအချို့လိုအပ်မည် ဖြစ်သည်။ အဓိကအားဖြင့် ကလေးအလုပ်သမားအကြောင်း အုပ်စု ဆွေးနွေးရာတွင် အားဖြည့်ပေးရန်အတွက် ဖြစ်သည်။



- ✓ နောက်ဆက်တွဲများတွင်ပါဝင်သော အချက်အလက်နှင့် စာရင်းဇယားများ
- ✓ ကျောက်သင်ပုန်း/သင်ပုန်းဖြူ (သို့) စာရွက်ကြီးများ
- ✓ အုပ်စုများ မှတ်စုရေးရန်အတွက် စာရွက်၊ ခဲတံများ (သို့) မင်တန်များ
- ✓ တီဗွီ၊ ဗွီဒီယိုပြစက်၊ ဗွီဒီယိုအခွေများ ရှိခဲ့လျှင်
- ✓ ဤပညာပေးပစ္စည်းတွင်ပါသည့် My-PEC ၏ဓါတ်ပုံများပါသည့် စီဒီရွမ် တွင်ကလေးအလုပ်သမားပုံများ ရာနှင့်ချီ၍ ပါဝင်သည်။
- ✓ ကလေးအလုပ်သမားပုံကောင်းများ ပါဝင်သည့် စာအုပ်များ သို့မဟုတ် မှတ်တမ်းများကို ငှားရမ်းထားနိုင်လျှင် ငှားထားပါ။

## အစပျိုးခြင်း



အုပ်စုကို စက်ဝိုင်းပုံ၊စက်ဝိုင်းခြမ်းပုံ သို့မဟုတ် မြင်းခွာပုံဖြင့်သင့်အား ဝိုင်းထိုင်စေရမည်။ စာရေးစားပွဲ၊ စားပွဲခုံနောက် များတွင် ထိုင်နေလျှင်ဖယ်ရှားရန် ပြောပါ။ (ထိုသို့ထိုင်ခြင်းမှာ သမားရိုးကျစာသင်ရာတွင် ထိုင်သည့်ပုံစံဖြစ်သည်။ ယခုစီမံချက်သည် သမားရိုးကျစာသင်နေခြင်း မဟုတ်ပါ။) စားပွဲခုံများကို အခန်းတဖက်ဖက်တွင် ကပ်ထားရန် ပြောပြီး ကုလားထိုင်များပေါ် ထိုင်စေရမည်။ သို့မဟုတ် ကြမ်းပြင်ပေါ်တွင် သင့်ကိုဝိုင်းပတ်ထိုင်စေရမည်။ ရံဖန်ရံခါ ဤသို့ ပြုလုပ်ခြင်းသည် တက်ကြွမှုနှင့် စိတ်ဝင်စားမှုကိုဖြစ်စေသည်။ ယခုဆွေးနွေးသည့် လေ့ကျင့်ခန်းတွင်ဤပုံစံမျိုးသည် အသင့်လျော်ဆုံး ဖြစ်သည်။ လူတိုင်းမျက်နှာချင်းဆိုင်ဖြစ်နေပြီး မျက်လုံးချင်းဆုံနိုင်သည်။ သင့်အနေဖြင့် လွတ်လွတ် လပ်လပ် အားလုံးထံသွားနိုင်သည်။ စားပွဲခုံများကို ရှောင်ဖယ်နေစရာ မလိုတော့ပေ။

### အုပ်စုဖွဲ့ခြင်း



အုပ်စုတွင်း မည်သို့ထိုင်နေကြသည်ကို ဝင်ရောက်စီစဉ်ပေးပါ။ အချို့နိုင်ငံများတွင် ယောကျ်ားလေးများသည် တစ်အုပ်စု၊ မိန်းကလေးများသည်တစ်အုပ်စုဖြင့် ထိုင်တတ်ကြသည့်သဘာဝရှိသည်။ ယောကျ်ားလေး၊ မိန်းကလေး တစ်အုပ်စုချင်းစီဖြင့် ဆောင်ရွက်ရသည့်အခါ ကိစ္စမရှိပါ။ ရင်းနှီးသောသူအချင်းချင်းပေါင်း၍ ထိုင်ရန်ကြိုးပမ်း တတ်သည်။ ဤစီမံချက်သည်စိန်ခေါ်မှုများ နှင့် ပြောင်းလဲမှုများနှင့်ပတ်သက်သည်။ ထို့ကြောင့် တစ်မျိုးပြောင်းလဲ ထိုင်ရန် ပြောရပါမည်။ ဥပမာ- ကျား၊ မ ၊ ကျား၊ မ အစရှိသည်ဖြင့် ဝိုင်းထိုင်ရန် ပြောရပါမည်။ ခွဲမရဘဲ ပူးတွဲနေကြ သူများ ရှိ မရှိ ကြည့်ရပါမည်။ ခွဲထိုင်ရခြင်းသည် စိတ်မသက်မသာ ဖြစ်စေရန်၊ ပုံပျက်သွားစေရန် ပြုလုပ်ခြင်းမဟုတ်ပါ။ ပို၍ စည်းကပ် စုစည်းမှုရှိရန်၊ အုပ်စုအတွင်း တက်ကြွမှုရှိလာစေရန်အတွက် ပြုလုပ်ခြင်းသာဖြစ်သည်။

## လုပ်ငန်း (၁)။ ကလေးအလုပ်သမား ဆိုသည်မှာ အဘယ်နည်း။

သင်တန်းချိန် တစ်ချိန် သို့မဟုတ် နှစ်ချိန်ခွဲ

အစီအစဉ်ကို ရိုးရှင်းသော မေးခွန်းမေးပြီးစတင်ပါ။ “ကလေးအလုပ်သမားဆိုသည့် ဝေါဟာရကို သင်မည်သို့ နားလည် သဘောပေါက်ပါသလဲ” “သင့်အနေဖြင့် ဘာကိုဆိုလိုသည်ဟု ထင်ပါသလဲ”။ မိမိတို့ အနေဖြင့် ကလေးအလုပ်သမား ဆိုသည်ကို သိရှိထားသည့်အတိုင်း





တစ်ဦးချင်းစီအား ပြောပြရန်တိုက်တွန်းပါ။ အခြားသူများထံမှ ကြားသိရမှုများ၊ တီဗွီမှ သိရှိခဲ့ရမှု၊ သတင်းစာများတွင် ဖတ်ရှုရမှု၊ မိမိတို့ကိုယ်တိုင်လုပ်ကိုင်ခဲ့ရမှုများကို ပြောစေနိုင်ပါသည်။ ရည်ရွယ်ချက်မှာ ၄င်းတို့ဘာသိထားသည်ကိုသိရန် ပြုလုပ်ခြင်းဖြစ်သည်။ ကျောက်သင်ပုန်း/သင်ပုန်းဖြူ သို့မဟုတ် စာရွက်ကြီးပေါ်တွင် ၄င်းတို့ပြောသော အချက်များကိုရေးမှတ်ပါ။

အကယ်၍ သွက်လက်မှုမရှိဘဲ နှောင့်နှေးနေလျှင် မေးခွန်းအချို့မေးပြီး ဆွေးနွေးရန်ပြောနိုင်ပါသည်။

- ကလေးအလုပ်သမားဟု ပြောသည့်အခါဘယ်အရွယ်ကလေးများကို စဉ်းစားမိပါသလဲ။
- ယောကျ်ားလေးလား၊ မိန်းကလေးလား သို့မဟုတ် နှစ်မျိုးစလုံးလား။
- ဘယ်လိုအလုပ်မျိုးကို ပြောကြမှာလဲ။
- ကလေးအလုပ်သမားများ ဘယ်နေရာမှာရှိသလဲ။ ဘယ်ဒေသ၊ ဘယ်နိုင်ငံ၊ ကမ္ဘာ၏ ဘယ်အပိုင်း မှာ ရှိပါသလဲ။
- ကလေးအလုပ်သမားများသည် လုပ်ခရပါသလား။
- သူတို့ ကောင်းမွန်စွာ ဆက်ဆံခံရပါသလား။
- သူတို့၏ အိမ်တွင်နေကြပါသလား။
- ကျောင်းသွားကြပါသလား။

ဤသို့ပြုလုပ်ခြင်းသည် အရှိန်ရသွားရန် ပြုလုပ်ခြင်းဖြစ်သည်။ သူတို့၏ အသိဉာဏ်ဗဟုသုတထဲမှ ထုတ်နှုတ်လာရန် ဖြစ်သည်။ ၄င်းတို့အနေဖြင့် ဤအဖြေရှာ ဆွေးနွေးရမည့်အချက်ကို စဉ်းစားခဲ့ခြင်း ရှိ မရှိ ဆန်းစစ်ရန်နှင့် ၄င်းတို့ အဘယ်မျှ အလေးထားမှု ရှိ မရှိ သိရှိရန်ဖြစ်သည်။

ဤဆွေးနွေးမှု ပြီးဆုံးသည့်အခါ မိတ်ဆက်ဗီဒီယို ပြသရန်ပြစက်နှင့် ဗီဒီယိုခွေ ရှိလျှင်ပြသနိုင်ပါသည်။ ဗီဒီယို ပြနေစဉ် အခန်းဒေါင့်တစ်နေရာတွင်နေပြီး ၄င်းတို့အနေဖြင့် ဗီဒီယိုအပေါ် မည်သို့တုန့်ပြန်ကြသည်ကို အနီးကပ်စောင့်ကြည့်ပါ။

အကယ်၍ သင့်အနေဖြင့် ကလေးအလုပ်သမားအများအပြား ရှိနေသည့်နိုင်ငံ သို့မဟုတ် ကလေးအလုပ်သမားအဖြစ် ကိုယ်တိုင်ဖြစ်ခဲ့ဖူးသော လူရွယ်များဖြင့် လုပ်ငန်းဆောင်ရွက်နေသူဖြစ်လျှင် ဤလုပ်ငန်းစု အပိုင်းကိုတစ်မျိုးသုံးရမည် ဖြစ်သည်။ နိုင်ငံအတွင်းနှင့် ၄င်းတို့ပတ်ဝန်းကျင်မှ ကလေးအလုပ်သမားများသည် ဘာဖြစ်နိုင်သည် ဆိုသည့် အသိဉာဏ်ဗဟုသုတ သင့်တွင်အတော်အတန်ရှိနေလျှင် ယင်းနှင့်ပတ်သက်၍သူတို့ဖြင့် အပြည့်အဝဆွေးနွေး ဖေါ်ထုတ်ပါ။ ဆွေးနွေးမှုမှရရှိသည့် အဓိက အချက်များကိုရရှိနိုင်သည့် ပစ္စည်းများပေါ်တွင်ရေးမှတ်ပါ။ ဤလေ့ကျင့်ခန်း သည် အုပ်စု၏ယုံကြည်မှုကို ပိုအားကောင်းလာစေနိုင်သည်။ အခြေခံခိုင်မာမှု

ရှိသဖြင့် ၄င်းတို့၏ အတွေ့အကြုံများကို ပြောဆိုလာမည်ဖြစ်သည်။ မည်သို့ဆိုစေ ဆွေးနွေးနိုင်သမျှ ဆွေးနွေးရန် တွန်းအားပေးခြင်းနှင့်အတူ အခြားနိုင်ငံများမှ ကလေးအလုပ်သမားများ အကြောင်းဘာသိထားသည်ကို စတင်မေးမြန်းရပါမည်။ အထက်ဖော်ပြပါ မေးခွန်းပုံစံမျိုးကို မေးပြီး နှီးထလာအောင် လုပ်ရပါမည်။ ယခုအခါ သူတို့ပိုင်နိုင်ပြီးသည့်အကြောင်းအရာမှ နောက်တစ်ခုသို့ ပြောင်းရန် လိုလာပါသည်။ ယခင်ကမစဉ်းစားခဲ့မိသည့် အရာကိုစဉ်းစားရပါတော့မည်။ ကမ္ဘာပေါ်ရှိ မည်သည့်နေရာမှ ကလေးများ မဆိုဆိုးရွားသော အခြေအနေတွင် သက်ရောက်နေနိုင်ကြသည် ဆိုခြင်းပင်ဖြစ်သည်။

ဤလုပ်ငန်းစု၏ နောက်ဆက်တွဲများသည် ကလေးအလုပ်သမားနှင့် ပတ်သက်သော ကိန်းဂဏန်းများနှင့် အထွေထွေ သတင်းအချက်အလက်များ ဖြစ်သည်။ ယင်းတို့ကို မိတ္တူကူးပြီး လူရွယ်အုပ်စုကို လက်ကမ်းဝေငှရုံသက်သက်အစား အုပ်စုဆွေးနွေးပွဲ တစ်လျောက်တွင် အထောက်အကူဖြစ်ရန် သုံးစွဲရပါမည်။ ဥပမာ- ဆွေးနွေးနေသည့် အကြောင်းအရာတစ်ခုသည် သွက်လက်မှုမရှိတော့ပဲ အကြောင်းအရာထပ်နေလျှင် " အိမ်ဖော်လုပ်နေကြသည့် ကလေးများ အသက်သည် ဘယ်လောက်အထိငယ်နိုင်သည်ဟုထင်ပါသလဲ" ဆိုသည့်မေးခွန်းမေး၍ အကြောင်းအရာပြောင်းပစ်ရပါမည်။ ခန့်မှန်းပြောဆိုမည့်သူများရှိနိုင်ပါသည်။ထိုအခါ အုပ်စုကို ယင်းအချက်အပေါ် ဆွေးနွေးနိုင်ရန် ဦးဆောင်မှု ပေးရမည်။ သင် သုံးစွဲလိုလျှင် ကိန်းဂဏန်းများကို ကိုးကားသုံးစွဲနိုင်ပါသည်။ ဥပမာ- အိမ်ဖော်အဖြစ်အလုပ်လုပ်နေသော ကလေးများ သည် အင်ဒိုနီးရှား နိုင်ငံတွင်မည်မျှရှိသနည်း၊ ဘယ်နှစ်နာရီ လုပ်ရသလဲ၊ ဘယ်လို မတော်မတရားမှုတွေ ခံနေရသလဲ အစရှိသည်တို့ဖြစ်သည်။ ယင်းကိန်းဂဏန်းများကို ဦးတည်ဆွေးနွေးရမည်။ စာရင်းများကိုဖတ်ပြရုံ မလုပ်ရပါ။ ဤသို့ပြုလုပ်ရန်မဟုတ်ပါ။ အုပ်စုတွင်း ဆွေးနွေးမှုရှိလာရန်အတွက် သုံးစွဲရပါမည်။

ကိန်းဂဏန်းအားလုံးကို သုံးစွဲရန်လည်းမကြိုးပမ်းသင့်ပါ။ ရှည်လျားသောစာရင်းပေးထားပါသည်။ သင့်အနေဖြင့် ရွေးထုတ်သုံးရပါမည်။ စာရင်းအများအပြားသုံးခဲ့လျှင် နားလည်လက်ခံရန် ခက်ခဲသူများရှိသည့်အတွက် အုပ်စုအတွင်း ရောထွေးသွားနိုင်သည်။ အစပိုင်းတွင် ရှုပ်ထွေးမှုမဖြစ်စေသင့်ပါ။ ထို့ကြောင့်ရိုးရိုးရှင်းရှင်းနှင့် နည်းနည်းသာသုံးရပါ မည်။



## အသုံးပြုမည့်သူအတွက် မှတ်စု

ဤအစပျိုး ဆွေးနွေးခြင်းသည် ပင်ပန်းနွမ်းနယ်မှုမဖြစ်စေရပါ။ နောက်ပိုင်း၌စီမံချက်တွင် ကလေးအလုပ်သမားနှင့် ပတ်သက်၍ ပိုအသေးစိတ်သော စကားစစ်ထိုးရမည့်အချိန်ရှိပါသည်။ အခြားလုပ်ငန်းစုများ ဆောင်ရွက်သည့်အခါတွင် ဖြစ်ပါသည်။ သင့်အနေဖြင့်ဤလုပ်ငန်းစုတွင် ပါဝင်သော သတင်းအချက်အလက်အားလုံးကို သုံးလိုမည်မဟုတ်ပါ။ ယင်းမှာ ပြဿနာမဟုတ်ပါ။ သတင်းအချက်အလက်များသည်လိုသည်ထက်ပိုများပါသည်။ မိမိဆောင်ရွက်နေ သည့်အခြေအနေနှင့် ကိုက်ညီသော အချက်များကိုသာသုံးပါ။ ဘယ်သူ ဘာသိသည်ဆိုသည့် ပြိုင်ဆိုင်မှု ပြုလုပ်နေခြင်း မဟုတ်ပါ။ ခေါင်းစဉ်ကို မိတ်ဆက်ရာတွင် တက်ကြွစေသည့် နည်းသာလိုပါသည်။



# လုပ်ငန်း (၂)။ ကလေးအလုပ်သမား ဖြစ်ရသည့် အကြောင်းရင်းများနှင့် နောက်ဆက်တွဲ ဖြစ်နိုင်ချေများ

၃၀ - ၃၅ မိနစ်

အထွေထွေမိတ်ဆက်ဆွေးနွေးမှုပြီးဆုံးပြီးနောက် အုပ်စု၏တက်ကြွမှုအငြေခအနေနှင့်လိုလားမှုပေါ် မူတည်ပြီး နောက် တဆင့်ကူးပြောင်းရန်သင်ဆုံးငြဖတ်ရပါမည်။ ကလေးအလုပ်သမားအရေးနှင့်ဆိုင်သော ပို၍တိကျသည့် ဆွေးနွေး အဖြေရှာရမည့်ကိစ္စရပ်များ အကြောင်းဖြစ်ပါသည်။ ဤတွင် အုပ်စုကိုဝန်ပိမသွားစေရန် သတိချပ်ရပါမည်။ သူတို့၏ တက်ကြွမှုနှင့် လိုလားမှုပြမပြကို အကဲခတ်ရပါမည်။ ဘာသာရပ်အကြောင်းအရာကို ဆက်မဆွေးနွေးလိုတော့လျှင် ရပ်နားနိုင်ကြောင်းပြောပါ။ ဤအကြောင်းအရာများမှာ ဆွေးနွေးရမည့်ကိစ္စရပ်များဖြစ်သည့် အတွက်စီမံချက် နောက်ပိုင်းအဆင့်များတွင် ဆက်လက်ဆောင်ရွက်နိုင်ပါသည်။

နောက်ဆက်တွဲ ၂ တွင် ကလေးအလုပ်သမားနှင့် ပတ်သက်သော အခြေခံသတင်းအချက်အလက်များ ပါရှိပါသည်။ ယင်းကို စကားရည်လုရာတွင် သုံးစွဲနိုင်ပါသည်။ ဆွေးနွေးမှု အရှိန်ရလာသည်နှင့်အမျှ အဓိကအချက်များ ပါဝင်မှု သေချာစေရန် ယင်းမှတ်စုများကို ကိုးကားသုံးစွဲရပါမည်။ အုပ်စုတွင်းအဖွဲ့ဝင်များ ဆွေးနွေးသည့်အချက်များကို ယင်းမှတ်စုပါအချက်များဖြင့် နှိုင်းယှဉ်စစ်ဆေးရပါမည်။ အုပ်စုတစ်ခုလုံးဖြင့် ထိုနှိုင်းယှဉ်စစ်ဆေးမှုပြုလုပ်ပြီး အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို ဆွေးနွေးစေရပါမည်။ ထိုအချက်များကို မည်သို့ဖြေရှင်းရမည်ကို ဆွေးနွေး ရမည်။

## ဆွေးနွေးရမည့်အကြောင်းအရာ။

**ကလေးအလုပ်သမား အဘယ်ကြောင့် ရှိနေရသနည်း။**

ကလေးအလုပ်သမားများသည် အဘယ်ကြောင့် တစ်ကမ္ဘာလုံး ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ် ဖြစ်သည်ဆိုသည်ကို အုပ်စုအတွင်း ဆွေးနွေးရန်အတွက် ဤမေးခွန်းဖြင့်သင်စတင်နိုင်ပါသည်။ "အဘယ်ကြောင့်" ဆိုသည့်အချက်သည် လူငယ်များအတွက် စကားရည်လုရမည့် အဓိက အကြောင်းအချက်များအနက် တစ်ချက် ဖြစ်ပါသည်။ ၄င်းတို့ အတွက်လည်း စိတ်ဝင်စားနိုင်ပါသည်။ အထူးသဖြင့် ကလေးအလုပ်သမားများသည့်နိုင်ငံမှ လူငယ်များ ဖြစ်ပါသည်။ ကလေးအလုပ်သမားရှိသည့်နိုင်ငံဖြစ်လျှင်

လူရွယ်များအနေဖြင့် ၄င်းတို့ကိုယ်တိုင်နှင့် ၄င်းတို့သက်ရွယ်တူ လူငယ် လူရွယ်များ အဘယ်ကြောင့် အလုပ်လုပ်သည်ဆိုသည့် အကြောင်းပြောဆိုခြင်းကို နားထောင်ရသည်မှာ စိတ်ဝင် စားဖွယ် ကောင်းပါမည်။ သင်သည် ကမ္ဘာ၏မည်သည့်နေရာတွင် ရောက်ရှိနေစေကာမူ သင့်အုပ်စုတွင်းမှ လူရွယ်အချို့ အလုပ်လုပ်ကြမည်သာ ဖြစ်ပါသည်။ ဤအချက်ဖြင့်ဆွေးနွေး ပွဲစတင်နိုင်ပါသည်။ အုပ်စုတွင်းမှဘယ်နှစ်ယောက်အလုပ် လုပ်ကြသည်ကို မေးပါ။ ဘာအလုပ်လုပ်သည်နှင့် အလုပ်ချိန်ကိုသိအောင်လုပ်ပါ။ လုပ်ခဘယ်လောက်ရသည်နှင့် အလုပ်လုပ်ရသည့် ခံစားချက်ကိုမေးပါ။ အဘယ်ကြောင့် အလုပ်လုပ်ဖြစ်ရသည်ကိုမေးပါ။ ဘာအကြောင်း များကြောင့် အလုပ်ရှာဖြစ်ရပါသလဲ။ ကလေးအလုပ်သမားဟု သတ်မှတ်ခံရသည့်ပင်ပန်းကြီးစွာ လုပ်ရသော ကလေးများ၏ အကြောင်းရင်းများနှင့် တူပါသလား။ ဘာကွာခြားမှု ရှိပါသလဲ။

**ကလေးများကို "လိုလားဖွယ်ရာ" အလုပ်သမားများအဖြစ် ဘာက ဖြစ်စေပါသလဲ။**

ကလေးအလုပ်သမားရှိနေရသေးသည်မှာ အချို့အလုပ်ရှင်များက လူကြီးများအစား ကလေးများကို အလုပ်ခန့်လို သောကြောင့်ဖြစ်သည်။ဤ သို့ဖြစ်နိုင်မှုရှိသည် ဟုအုပ်စုအနေဖြင့်အဘယ်ကြောင့်ထင်ကြောင်းမေးပါ။ တာဝန်ရှိ လူကြီး တစ်ဦးအနေဖြင့် ကလေးများကိုအဘယ်ကြောင့် မိမိတို့အတွက် အလုပ်လုပ်ပေးရန် တွန်းအားပေးနေပါသလဲ။ ကလေးများကိုအလုပ်ခိုင်းရန် ဘာအကြောင်းအချက်များ ရှိနိုင်ပါသလဲ။ အလုပ်ရှင်များအားလုံးအနေဖြင့် ကလေးများ အတွက် အန္တရာယ်ရှိနိုင်သည်ဆိုသည်ကို စဉ်းစားကြ လိမ့်မည်ဟုယုံကြည်ပါသလားဟုအုပ်စုကိုမေးပါ။ ကလေးများကို အလုပ်သမားများအဖြစ်မြင်သည့် အပြင်အခြားအရာတစ်ခုခုအဖြစ် ရှုမြင်ကြပါသလား။ ကလေးများအားလုံး အခမဲ့ ပညာရေးသင်ကြားခွင့်ရှိသည်ဟု ယုံကြည်လက်ခံကြသလား။ မိမိတို့လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးစေမည့် အရာများကို သိမြင်ကြသလား။

ဤအကြောင်းစကားရည်လုလျှင် စိတ်ဝင်စားဖွယ်ရာ မေးခွန်းများပေါ်ထွက်လာပြီး ကောင်းမွန်သော ဆွေးနွေးပွဲတစ်ခု ဖြစ်လာစေနိုင်သည်။ ဥပမာ- အလုပ်ရှင်များကိုယ်တိုင် ကလေးအလုပ်သမားများ ဖြစ်နေခဲ့လျှင် ကလေးများကို ထိခိုက်ပျက်စီးမှုဖြစ်နိုင်သည်ကို လက်ခံကြမည်မဟုတ်ပါ။ ယင်းသည် ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေး အဖြေရှာစရာများ ပေါ်ထွက်လာစေသည်။ ထိုအခါအတွေး အခေါ်အယူအဆဆိုင်ရာ အမှားနှင့်အမှန်ဆိုသည်ကို စကားရည်လုရန်ရှောင်လွှဲ၍မရနိုင်တော့ပါ။ အချို့ အလုပ်ရှင်များသည် ဂရုမစိုက်ဘဲကို နေတတ်သည်။ သူတို့၏ဘဝ ရည်မှန်းချက်မှာ ငွေများများရနိုင်သမျှ ရရှိရေးအတွက်လုပ်ရန်သာဖြစ်သည်။ နောက်ဆက်တွဲဖြစ်ပေါ်မည့် ကိစ္စရပ်များကို ဂရုမစိုက်ကြပေ။ ဤသို့သော စိတ်သဘောထားမျိုးကို မည်သို့လုပ်ဆောင်ကြမည်နည်း။

**ကလေးအလုပ်သမားများသည် ဆိုးရွားသောအရာ ဖြစ်ပါသလား။**

အုပ်စုအဖွဲ့ဝင်အချို့က ကလေးအလုပ်သမားသည် ဆိုးရွားသောအရာအဖြစ် စဉ်းစားကြမည်မဟုတ်ပါ။ အများအပြား က ယင်းသည်ရှိသော်လည်း မကောင်းသည့်အရာဖြစ်သည်ဟု စောဒကတက်ကြသည်။ ကလေးများအလုပ်မလုပ် လျှင် ၄င်းတို့နှင့် ၄င်းတို့မိသားစုငတ်မွတ်မှုနှင့် ကြုံတွေ့ရမည်ဟုပြောကြသည်။ ကလေးအလုပ်သမားကို ရပ်စဲသင့် သည် ဆိုသည်ကိုအုပ်စုအား ဆွေးနွေးစေရပါမည်။ ကလေးများအခြေအနေမည်သို့ဖြ စ်နေစေကာမူ ၎င်းတို့အားလုံး တွင် ကလေးဘဝအရွယ် အခြေခံအခွင့်အရေးများ ရှိသည်ဟုထင်ပါသလားဆိုသည်ကိုဆွေးနွေးစေရမည်။ ကစားခွင့်၊ ကျောင်းနေခွင့်၊ မိသားစု၏ ချစ်မြတ်နိုးမှုကို ခံယူပျော်ရွှင်ရမှုများ ဖြစ်ပါသည်။



**ကလေးအလုပ်သမားသည် ကလေးများကို မည်သို့ ထိခိုက်ပျက်စီးစေပါသလဲ။**

အထူးသဖြင့် အန္တရာယ်ကျရောက်လွယ်သည့် အလုပ်သည်ကလေးများကို မည်သို့ထိခိုက်ပျက်စီးစေသည် ဆိုသည်ကို အုပ်စုအတွင်း ဆွေးနွေးစေနိုင်ပါသည်။ အုပ်စုအတွင်း အလုပ်လုပ်သောလူရွယ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ဆွေးနွေးနိုင်သည်။ အချို့အလုပ်များသည် အန္တရာယ်ရှိပြီး ယင်းအန္တရာယ်များမှာ အဘယ်ကြောင့် ကြိုတင်တားဆီး ကာကွယ်ရန်လိုသည် ဆိုသည်ကို သိနားလည်ရေးမှာ အရေးကြီးပါသည်။ လူရွယ်များကသူတို့သည် ထိခိုက်ပျက်စီးမှု မဖြစ်နိုင်ဟု ရံဖန်ရံခါ ယုံကြည်တတ်ကြသည်။ အထူးသဖြင့် စက်မှုဖွံ့ဖြိုးသည့်နိုင်ငံများတွင်ဖြစ်သ ည်။ ၄င်းတို့ကို ဘယ်အရာမှ ထိခိုက်ပျက်စီးစေနိုင်ခြင်း မပြုနိုင်ဟုထင်ကြသည်။ အလုပ်လုပ်ရသည် ဆိုသည်မှာ သိပ်ခက်ခဲသည့် အရာမဟုတ်ဟု ထင်သည်။ မည်သို့ဆိုစေလူရွယ်များသည် မိမိကိုယ်တိုင်မိမိ၏ အဆိုးရွားဆုံးရန်သူ ဖြစ်နေနိုင်ပါသည်။ အချို့အလုပ်အမျိုးအစားများကြောင့် ကာလမတိုမရှည် သို့မဟုတ် ကာလတာရှည်လာလျှင် အကျိုးသက်ရောက် ထိခိုက်မှုရှိသည်ကို သိနားလည်မှုမရှိကြပါ။

နောက်ဆက်တွဲ (၂)တွင် အလုပ်ပုံစံအမျိုးမျိုးသည် ကလေးများအပေါ် မည်သို့ထိခိုက်ပျက်စီးစေသည် ဆိုသည်ကို အသေးစိတ်ဖေါ်ပြထားပါသည်။ အလုပ်သည်ကလေးများကို မည်သို့ထိခိုက်စေသည်၊ ဟန့်တားမှုများ ဖြစ်စေသည်ဟု ထင်ကြောင်းမေးပြီး အုပ်စုကိုဆွေးနွေးရန်ပြောပါ။ နောက်ဆက်တွဲ (၃)တွင်အဆိုးရွားဆုံး ထိခိုက်စေသည့် အလုပ် ပုံစံများနှင့် ကလေးများကို မည်သို့ ထိခိုက်ပျက်စီးစေသည် ဆိုသည့် အသေးစိပ် အချက်များကို ဖေါ်ပြသော ဇယား ပါရှိပါသည်။ ကလေးများလုပ်နေနိုင်သည့် အလုပ်ပုံစံအမျိုးမျိုးကို ပြန်ရည်ညွှန်းပါ။ ထိုအလုပ်ပုံစံအမျိုးမျိုးသည် ကလေးများအပေါ် မည်သို့ အကျိုး သက်ရောက်စေနိုင်သည်ကိုမေးပါ။ မှတ်ချက်များကို ကျောက်သင်ပုန်း သို့မဟုတ် စာရွက်ကြီးပေါ် ရေးမှတ်ပါ။ အုပ်စုဆွေးနွေးနေစဉ်တွင် အဖွဲ့ဝင်များသည်

## အသုံးပြုမည့်သူအတွက် မှတ်စု

အချိန်၊နေရာ၊ စိတ်ကူး စသည့် အစီအစဉ် ချထားမှုအပေါ် မူတည်၍ ပို၍ အတွင်းကျကျ ဆွေးနွေးနိုင်သင့်အနေဖြင့် အုပ်စုကို အုပ်စုငယ်များခွဲနိုင်ပါသည်။ တစ်ဖွဲ့ချင်းစီကို ဆွေးနွေးရမည့် အကြောင်းအရာတစ်ခုချင်းစီပေး၍ ဆွေးနွေး စေနိုင်သည်။ ထို့နောက်အုပ်စုအလိုက် အုပ်စုကြီး တခုလုံးအားပြန်လည်တင်ပြစေရမ ည်။ ဤနည်းဖြင့်ဆွေးနွေးမှု အမျိုးမျိုး၏ ရလာဒ်များကို လူတိုင်းသိရှိခွင့်ရကြမည်ဖြ ဖစ်သည်။ အုပ်စုငယ်လေးများအားလုံးကို ဆွေးနွေးရမည့် အကြောင်းအရာတစ်ခုတည်းကို လည်းပေးနိုင်ပါသည်။ ယင်းအတွက်ပြဿနာမရှိပါ။ သင့်အနေ ဖြင့်လုပ်ငန်းစုတစ်ခုလုံး ကိုအုပ်စုကြီးတစ်ခုလုံးအား ဆွေးနွေးစေလိုခြင်းကြောင့် ဖြစ်နိုင်ပါသည်။ သင့်စိတ်ကြိုက်နှစ်သက်သလို ဆောင်ရွက်နိုင် ပါသည်။

ကလေးအလုပ်သမားများ၏ အန္တရာယ် စွန့်စားရမှု များကို စတင်သိရှိလာမည် ဖြစ်သည်။

## ဆောင်ရန်များနှင့် ရှောင်ရန်များ



- အရာရာတိုင်းကိုအပြုသဘောဖြင့်လုပ်ဆောင်ပါ။ တစ်ဦးတစ်ယောက်ချင်းစီကပြောသော အရာတိုင်းသည် အရေးကြီးပါသည်။ အသိအမှတ်ပြု နားထောင်ပေးရပါမည်။
- ဆွေးနွေးမှုများတွင် လူတိုင်းပါဝင်ရန် တိုက်တွန်းပါ။ ဘာမှမပြောဘဲ နှုတ်ပိတ်နေသူ သို့မဟုတ် ပါဝင် ဆွေးနွေးရန် ဂရုမစိုက်သူများကိုရှာပါ။ ၎င်းတို့၏ စိတ်ကူးနှင့် မှတ်ချက်များပေးရန်ပြောပါ။
- ဆွေးနွေးမှုများတွင် အပြုသဘောဆောင်ပြီး တက်ကြွမှုရှိပါစေ။ အုပ်စုအတွင်းလှည့်ပတ်နေပြီး မှတ်ချက်ပေး သည့်အခါ ဟန်ပန်လုပ်ပြတက်ကြွမှု ရှိရမည်။
- ဆွေးနွေးမှုတွင် အထောက်အကူဖြစ်ရန် နောက်ဆက်တွဲများတွင် ပါဝင်သည့်အချက်အလက်နှင့် စာရင်း ဇယားများ၊ အထွေထွေ သတင်းအချက်အလက်များကို သုံးပါ။
- ဆွေးနွေးခြင်းများကို အချိန်အရှည်ကြီး ပိုမယူပါနှင့်။ အုပ်စုတွင်းပါဝင်ခြင်း မျှတမှုရှိခြင်းကို ချင့်ချိန်နိုင်းဆရ ပါမည်။ စိတ်ဝင်စားမှုနှင့် စွမ်းရည်ကျလာလျှင် အမြန်ဆုံးရပ်နားရန် ကြိုးပမ်းပါ။ အရေးကြီးသည်မှာ အုပ်စုကို ပျင်းရိမသွားရန်နှင့် မျက်ခြေမပြတ်သွားရန် ဖြစ်ပါသည်။ အများစုစိတ်ဝင်စားမှု ရှိနေသမျှ ဆွေးနွေးကြပါစေ။ တစ်ယောက်နှစ်ယောက်စိတ်ဝင်စားရုံဖြင့်မရပါ။ ထိုစိတ်ဝင်စားမှု သည်ရှိနေဦးမည်ဖြစ်သဖြင့် ဤလုပ်ငန်းစု တွင် ပါဝင်သည့်ဆွေးနွေးချက်များကို အမြဲပြန်၍ ပြောပြနိုင်ပါသည်။
- တစ်ဦးချင်းစီကိုလည်း ဆွေးနွေးမှုများကို ဦးဆောင်ရန် ကြိုးပမ်းစည်းရုံးပါ။ အကယ်၍ တစ်စုံ တစ်ယောက်က ဆွေးနွေးသည့်ခေါင်းစဉ်ကို စိတ်ဝင်စားမှုပြခဲ့လျှင် သင့်ကိုယ်စား ထိုပုဂ္ဂိုလ်အား ဦးဆောင်ဆွေးနွေးရန် တိုက်တွန်းပါ။ ဤလုပ်ငန်းစုများသည် လူရွယ်များအား လုပ်ပိုင်ခွင့်ပေးရန်နှင့် မိမိကိုယ်ကို ယုံကြည်မှုရှိစေရန် တည်ဆောက်ပေးလိုပါသည်။ ထို့ကြောင့် လုပ်နေကြပုံစံများမဟုတ်ဘဲ မိမိကိုယ်ကို စိတ်ချမှု၊ ယုံကြည်မှု တည်ဆောက်ခြင်းနှင့် လေးစားမှုရှိခြင်းများကို ပျိုးထောင်ပေးရပါမည်။
- ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နိုင်မည်ဆိုလျှင် အချင်းချင်း ချစ်ခင်ရင်းနှီးစွာ ပြောဆိုဆက်ဆံခြင်း၊ စကား ပြောခြင်း၊ နောက်ပြောင်ခြင်း၊ ရယ်စရာလုပ်ခြင်း၊ အရွှန်းဖောက်ခြင်း၊ ပြိုင်ဆိုင်ခြင်းတို့ကို ခွင့်ပြုပါ။



- တစ်ဦးချင်းစီအား မယုံကြည်သည့် သဘောသက်ရောက်စေခြင်း၊ သို့မဟုတ် ဖိအားပေးခြင်း စသည်တို့ကို မပြုလုပ်ရပါ။ အကယ်၍တစ်စုံတစ်ယောက်သည် ဆွေးနွေးရန်အဆင်သင့် မဖြစ်သေးဘဲ မည်သည့်သဘော ထားမှမရှိခြင်း သို့မဟုတ် မပြောလိုခြင်းကို လေးစားမှုရှိရမည်။ ထို့နောက် အခြားပြောလိုသော အဆင်သင့် ဖြစ်သောသူကို ဆွေးနွေးစေရပါမည်။ တစ်ဦးချင်းအနေဖြင့် အချိန်တန်လျှင် ပါဝင်လာမည်ဖြစ်ပါသည်။ အချို့သည်ပါဝင်ဆွေးနွေးရန် အချိန်ယူတတ်ကြပါသည်။

## အပြီးသတ်ဆွေးနွေးခြင်း

၁၀ - ၁၅ မိနစ်

ဆွေးနွေးခြင်းကို အဆုံးသတ်တော့မည်ဟု သင်ဆုံးဖြတ်သည့်အခါ ပြန်လည်ခြုံငုံသုံးသပ်ပေးပြီး တစ်ဖွဲ့လုံး အာရုံစိုက် နားထောင်ပါစေ။ ထို့နောက် အလွတ်သဘော အထွေထွေပြောဆိုနိုင်ကြ ပါသည်။ ဤလုပ်ငန်းစုသည် ပထမဆုံး သင်သုံးစွဲခြင်းဖြစ်သဖြင့် အချို့သို့မဟုတ် အားလုံးအတွက် အခက်အခဲအနည်းငယ် ကြုံတွေ့ကြမည် ဖြစ်ပါသည်။ လူရွယ်များပင်မဆိုထားနှင့် လူကြီးများပင် လက်ခံရန် ခက်ခဲသည့်အချက်အလက်နှင့် စာရင်း ဇယားများ သိကြရမည်ဖြစ်သည်။ ကလေးအလုပ် သမားဆိုသည်မှာအန္တရာယ်ကြုံတွေ့ရနိုင်ဆုံးသော သူများကိုခေါင်းပုံဖြတ်သည့် နည်းတစ်ခုဖြစ်ပြီး အလွန်ပြင်းထန်သော စိတ်ဒဏ်ရာရရှိခြင်း၊ အနာတရဖြစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု နေးကွေးစေခြင်း နှင့် သေဆုံးသည်အထိ ဖြစ်စေပါသည်။ အန္တရာယ်ကျရောက်မှု အလားအလာများနှင့် ကြုံတွေ့နေရသည့် သန်းပေါင်းများစွာသော ကလေးများ၏မနစ်မြို့ဖွယ်ရာ အမှန်ဖြစ်ရပ်များ ကို မိတ်ဆက်တင်ပြခြင်း ဖြစ်ပါသည်။



အုပ်စုအနေဖြင့် ကလေးအလုပ်သမားဆိုသည်မှာ အဘယ်နည်းနှင့် အဘယ်ကြောင့် ရှိနေရသည်ကို ပိုမို သိရှိနားလည်သွားပြီ ဖြစ်ပါသည်။ သင့်အနေဖြင့် ထူးခြားသည့် အရာများကို အသေးစိတ်တင်ပြခြင်း မရှိသေးပါ။ ဤလုပ်ငန်းစုသည် ကလေးအလုပ်သမားများကို ဝန်းရံထားသည့် မမြင်သာသောအလွှာများကို တစ်လွှာခြင်း ခွာပြရန် အစပြုခြင်းသာ ရှိပါသေးသည်။

အချို့ဆွေးနွေးမှုများသည် အတော်အတန် ခက်ခဲမည် ဖြစ်ပါသည်။ အချို့ဆယ်ကျော်သက်များသည် သူတို့အရေး ကိစ္စနှင့် သူတို့ရှုပ်ထွေးနေကြပြီး လက်ငင်းပြဿနာများကို ရှင်းနေရမည် ဖြစ်သည်။ ထို့ကြောင့်သင့်အနေဖြင့် ဆွေးနွေးခြင်းအစီအစဉ်များကို သတိကြီးစွာနှင့် နားလည်မှုရှိစွာဖြင့် စီမံဆောင်ရွက်ရန် အရေးကြီးပါသည်။ နောက်ဆက်လုပ်မည့် လုပ်ငန်းများတွင် မပါဝင်တော့ခြင်း၊ မတက်တော့ခြင်း မရှိရန်လုပ်ရပါမည်။ ၎င်းတို့ မည်သို့ ပါဝင်လိုသည်ဆိုသည်ကို ထုတ်ဖော်ပြောဆိုနိုင်ရန် ဤနောက်ဆုံးအစီအစဉ်ကို သုံးစွဲနိုင်ပါသည်။ ကလေး အလုပ်သမားနှင့် ပတ်သက်သော ဆွေးနွေးအဖြေရှာရမည့်ကိစ္စတွင် မပါဝင်လိုလျှင် ၎င်းတို့တွေးလိုရာ တွေးနေနိုင်ပါသည်။ ၎င်းတို့နှင့်ဆိုင်သော အကြောင်းအရာများ ဆွေးနွေးသည့်အခါ ပြန်ပါလာစေနိုင်ပါသည်။ ဤသို့ပြုလုပ်ခြင်းသည် စိတ်ဝင်စားဖွယ် ကောင်းပါသည်။ သူတို့ဘာတွေးနေသည်ကို သိနိုင်ပါသည်။ ထို့ကြောင့် သူတို့ဘာကို တကယ်သိရှိခံစားရသည်ကို သိနိုင်ပါသည်။ ၎င်းတို့သဘောအတိုင်း လုပ်စေပြီး လိုက်လုပ်ရပါမည်။ တစ်ခါတစ်ရံ အတင်းအကျပ်ထိန်းချုပ်ခြင်း မပြုလုပ်သင့်ပါ။ ၎င်းတို့ကို ပွင့်လင်းစွာပြောဆိုစေပြီး မည်သည့်အခါ အဆုံးသတ်သွားသည်ကို ကြည့်နေနိုင်ပါသည်။

ဤလွတ်လပ်မှုမျိုးပေးခြင်းသည် ၎င်းတို့၏ မိမိကိုယ်မိမိစိတ်ချမှုရှိစေပြီး သင့်အပေါ်ယုံကြည်မှု ရှိစေပါသည်။ အုပ်စုအတွင်းနှင့် သင့်အားလွတ်လပ်စွာနှင့် အလုံးစုံဖော်ထုတ်ပြောဆိုနိုင်သည့် ခံစားမှုမျိုးရရှိစေရေးမှာ အရေးကြီး ပါသည်။ သင်သည် သူတို့ပြောဆိုမှုကို နားလည်ပေးနိုင်ပြီး သူတို့ပြောလိုသည်ကို ပြောခွင့်ပေးသည်ဟု ခံစားမှု ရှိစေရမည်။ ဤစီမံချက်တွင် အုပ်စုတစ်ခုလုံးအနေဖြင့်ဝိုင်းလုပ်နိုင်ရန် လုပ်ပိုင်ခွင့်လမ်းကြောင်း ပွင့်သွားရန် အားလုံး စုစည်းပေးရာ ရောက်ပါသည်။



ကောင်းမွန်သော မျှော်လင့်ချက်ရှိစေခြင်းနှင့် သင့်ပြုလုပ်ပြောဆိုသော အရာမှန်သမျှ အုပ်စုတစ်ခုလုံး အနေဖြင့် ပါဝင်လာစေသည့် မျှော်မှန်းချက်ဖြင့် လုပ်ရပါမည်။ ကလေးအလုပ်သမားကိုပပျောက်ရန် လုပ်နိုင်သည်ဆိုသည် မှာ အဓိကအချက်ဖြစ်သည်။ ယင်းမှာ မဖြစ်နိုင်သော ပန်းတိုင်မဟုတ်ပါ။

## ဆန်းစစ်အကဲဖြတ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ကြည့်ခြင်း



ဤလုပ်ငန်းစုအတွက် အစစ်အမှန်တိုင်းတာနိုင်သော အညွှန်းကိန်းများ မရှိပါ။ အဓိကရည်ရွယ်ချက်မှာ စီမံချက် ချမှတ်ပြီး လုပ်ငန်းစဉ်များ ဆောင်ရွက်နေရန်နှင့် ကလေးအလုပ်သမားနှင့်ဆိုင်သော ဆွေးနွေးအဖြေရှာရမည့် ကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် စိတ်ဝင်စားမှုရှိလာစေရန် လှုံ့ဆော်ပေးခြင်းဖြစ်ပါသည်။ သင့်အနေဖြင့် စဉ်းစားမှုများ၊ စိတ်လှုပ်ရှားခံစားမှုများ ဖွင့်ဟခြင်း၊ သဘောထားများနှင့် နားလည်သဘောပေါက်မှုများကို သိအောင် လုပ်ရပါမည်။ အထူးသဖြင့် ဤသို့ဖြစ်ပေါ်ရန် လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းစဉ်များချမှတ်ရမည် ဖြစ်ပါသည်။

အုပ်စု၏ပူးပေါင်းပါဝင်မှုနှင့် သင်၏အလေးပေးမှု အနေအထားတို့သည် ဤလေ့ကျင့်ခန်းအတွက် သင့် လုပ်ဆောင်မှုကို တိုင်းတာနိုင်သော အချက်များပင်ဖြစ်သည်။ သင့်အနေဖြင့် နောက်ပိုင်းပြန်စဉ်းစားသည့်အခါ အမှန်အတိုင်းရိုးသားစွာ ရှုမြင်ရန်လိုပါသည်။ ဆွေးနွေးမှုများသည် လူငယ်များအတွက် စိတ်ဝင်စားစရာကောင်းပြီး ပျော်စရာ အလွန်ကောင်းပါသည်။

ဤလုပ်ငန်းစုသည်ရိုးရှင်းပါသည်။ သင့်အနေဖြင့် ကလေးအလုပ်သမားရှိသည့်နိုင်ငံတွင် ရှိနေသည် ဖြစ်စေ၊ မရှိသည့် နိုင်ငံတွင်ဖြစ်စေ ဤလုပ်ငန်းစုသည် ကလေးအလုပ်သမားနှင့် ပတ်သက်သော ပြဿနာများအကြောင်း သိလာရန် လူရွယ်များအား မျက်စေ့ဖွင့်နားစွင့်လာစေရန် လုပ်နိုင်သည့် ထိရောက်သော နည်းလမ်းဖြစ်ပါသည်။ လူရွယ်များတို့သည် အလွန်အရေးကြီးသည့် သင်ခန်းစာတစ်ခု ဤလုပ်ငန်းစုမှရယူသင့်ပါသည်။ ကလေး အလုပ်သမားဆိုသည်မှာ မည်မျှဆိုးရွားသည်နှင့် ထိခိုက်ပျက်စီးမှုနှင့် ပျက်စီးသွားစေသည့် အကြောင်းများကို စတင် နားလည်သွားမည်ဖြစ်သည်။ ယင်းသည် ၎င်းတို့အနေဖြင့် ကူညီမှုပေးနိုင်ရန် နှင့်မိမိတို့ဘာမဆိုလုပ်နိုင် သမျှ လုပ်လိုသည်ဆိုသည်တို့ကို ပို၍သိလိုစိတ်နိုးကြားလာရန် စေ့ဆော်မှု ပြုပါမည်။

လုပ်ငန်းစုသည် ကမ္ဘာနှင့်အဝှမ်း စက်မှုဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှိနေသော မတော်မတရားပြုမှု ဆောင်ရွက်မှု၊ ခေါင်းပုံဖြတ်မှုတို့ကို လူရွယ်များအား စတင်သိလာစေပါသည်။ ကလေးအလုပ်သမားသည် ရာစုနှစ်ပေါင်းများစွာ ရှိနေခြင်းနှင့် ဆက်လက်ရှိနေခြင်းမှာ မတော်မတရားပြုမှုမှုများ တိမ်မြုပ်နေ၍ဖြစ်သည်။ ရာဖွေဖေါ်ထုတ်၍

မရနိုင်ဆိုသည့် မျှော်မှန်းချက်မျိုးရှိရန် ဖုံးကွယ်ထား၍ဖြစ်သည်။ ရလာဒ်အနေဖြင့် နိုင်ငံတော် အစိုးရများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလုပ်ရှင်များနှင့် လူမှုအဖွဲ့အစည်းတို့ကယင်းနှင့် ပတ်သက်၍ဘာမှ လုပ်ဆောင် ပေးရန် ဖိအားပေးခြင်း မခံခဲ့ရခြင်းဖြစ်သည်။ ယင်းသည် တဖြည်းဖြည်းချင်း ပြောင်းလာပြီဖြစ်သည်။ ပြဿနာကို လူများက ပိုသတိပြုမိလာပြီး ကန့်ကွက်လာလေ တခုခုလုပ်ရန် လိုသည်ဆိုသည့် ဖိအားပေးမှုပိုလာလေ ဖြစ်လာပါမည်။

ဤလုပ်ငန်းစုဆောင်ရွက်မှုကို စိတ်ကျေနပ်မှုရှိပြီဆိုလျှင် နောက်လုပ်ငန်းစု အသစ်တစ်ခုကို စနိုင်ပါသည်။ နောက်လုပ်ငန်းစုတစ်ခုစသည့်အခါပေါင်းစပ်ရ ပ်ပုံကားချပ် ဆိုသည့် ခေါင်းစဉ်ကို စရန် အကြံပြုအပ်ပါသည်။ လုပ်ငန်းစဉ်တွင် ပျော်စရာနှင့် ပေါ့ပေါ့ပါးပါး ဆောင်ရွက်မှုများပါသည်။

# နောက်ဆက်တွဲ (၁)

## အချက်အလက်နှင့် စာရင်းဇယားများ

- တစ်ကမ္ဘာလုံးတွင် အသက် ၁၈နှစ်အောက် ကလေးအလုပ်သမား ၂၄၅.၅ သန်း ရှိပါသည်။ ထိုအထဲမှ အသက် ၅ နှစ် မှ ၁၄ နှစ်ကြားသည် ၁၈ သန်းကျော် ရှိသည်။အသက် ၁၅ နှစ် မှ ၁၇ နှစ်ကြားသည် ၅၉ သန်း ရှိသည်။
- ယင်းကလေးအလုပ်သမားများထဲမှ သန်း ၁၇၀ ခန့်သည် အန္တရာယ်ကျရောက်လွယ်သော အခြေအနေများ တွင် လုပ်နေကြသည်။ ထိုအထဲမှ သန်း ၁၁၁ သည် အသက် ၅ နှစ်မှ ၁၄ နှစ်ကြားဖြစ်သည်။ ၅၉ သန်း ကျော်သည် အသက် ၁၅ နှစ်မှ ၁၇ နှစ်ကြားဖြစ်သည်။
- ခန့်မှန်းခြေ ၁၇၉ သန်းသည် အဆိုးရွားဆုံး ပုံသဏ္ဍာန်ဖြင့် ခိုင်းစေခံနေရသော ကလေးအလုပ်သမားများ ဖြစ်သည်။
- ထို့ပြင် ထိုအထဲမှခန့်မှန်းခြေ ၈ သန်းကျော်သည် မမျှော်မှန်းနိုင်သော အဆိုးရွားဆုံးပုံဏ္ဍာန်ဖြင့် ခိုင်းစေခံ နေရသော ကလေးအလုပ်သမားများ ဖြစ်ကြသည်။ ၎င်းအထဲတွင် ၆ သန်း နီးပါးသည် အဓမ္မစေခိုင်းခြင်းနှင့် ကျွေးမြီနှောင်ဖွဲ့ခိုင်းစေခံရမှု ပါဝင်သည်။ ၀.၃ သန်းသည် လက်နက်ကိုင် ပဋိပက္ခ၊ ၂ သန်းနီးပါးသည် ပြည့်တန်ဆာနှင့် ညစ်ညမ်းပုံထုတ်လုပ်မှု၊ သန်းထက်ဝက်ကျော်သည် ဥပဒေနှင့် မလွတ်ကင်းသော လုပ်ငန်းများတွင် လုပ်နေကြရသူများ ပါဝင်သည်။
- ကလေးပေါင်း ၁.၂ သန်း ဝန်းကျင်သည် လူကုန်ကူးခံရသည့် သားကောင်များ ဖြစ်ရသည်။
- ခန့်မှန်း ၃၅၂ သန်းသည် ကမ္ဘာနှင့်အဝှမ်း စီးပွားရေးလုပ်ငန်းများတွင် ပါဝင်နေကြပြီး အသက် ၅ နှစ် မှ ၁၇ နှစ်ကြား ဖြစ်ကြသည်။
- စီးပွားရေးလုပ်ငန်းများတွင် ပတ်သက်နေသည့် သန်း ၂၁၁ ဝန်းကျင်သည် အသက် ၅ နှစ် မှ ၁၄နှစ်ကြား ဖြစ်ပြီး၊ သန်း ၁၄၁ နီးပါးသည် အသက် ၁၅ နှစ်မှ ၁၇ နှစ် ဖြစ်သည်။
- ပျှမ်းမျှအားဖြင့် အသက် ၅ နှစ် မှ ၁၇ နှစ်ကြားရှိ ကလေ ၆ ယောက်တွင် တစ်ယောက်ကို ကလေး အလုပ်သမားဟု သတ်မှတ်နိုင်သည်။
- ၂၁၁ သန်း၏ ၆၀ ရာခိုင်နှုန်း ဝန်းကျင်၊ ၎င်းမှာ ၁၂၇ သန်းကျော်သည် အာရှနှင့် ပစိဖိတ်ဒေသမှ အလုပ်လုပ်နေသော ကလေးများ ဖြစ်သည်။
- ၂၃ ရာခိုင်နှုန်း နီးပါး၊ ၄၈ သန်းသည် ဆဟာရအာဖရိကအခွဲတွင် ရှိသည်။
- ၈ ရာခိုင်နှုန်း နီးပါး၊ ၁၇.၄ သန်းခန့်သည် လက်တင်အမေရိကနှင့် ကာရေဘီယံတွင် ရှိသည်။
- ဆဟာရအာဖရိကအခွဲတွင် အလုပ်လုပ်သော ကလေးဦးရေ အများဆုံးဖြစ်သည်။
- ကျေးလက်ဒေသတွင် အလုပ်လုပ်နေသော ကလေးများသည် လယ်ယာစိုက်ပျိုးရေးတွင် လုပ်ကြသည်။
- အာဖရိကတွင် အသက် ၈ နှစ် သို့မဟုတ် ၉ နှစ်အထိ ငယ်သောကလေးများသည် မြေအောက် ၃၀ မီတာအနက်အထိ ဆင်းကြရသည်။ ကျောက်မျက်တူးဖော်ရေးတွင် တစ်ရက်လျှင် ၇ နာရီ မှ ၈နာရီ

လုပ်ရသည်။ အလင်းရောင်လုံလောက်မှုမရှိသော သို့မဟုတ် လေဝင်လေထွက် မရှိသောလှိုဏ်မြောင်း ကျဉ်းကျဉ်းလေးတွင် တူးကြရသည်။ မကြာခဏ မြေပြိုကျသည်။

- ပီရူးနိုင်ငံမှ ရွှေတူးဖော်ရေးလုပ်ငန်းတွင် အသက် ၆ နှစ်အထိ ငယ်သော ကလေးများသည် ထိန်းချုပ်၍ မရနိုင်သော အလွန်ဆိုးရွားသည့် အခြေအနေတွင် နာရီပေါင်းများစွာ လုပ်ရသည်။ နေထိုင်မကောင်းမှုနှင့် ထိခိုက်အနာတရ ဖြစ်မှုတို့အတွက် ကြိုတင်ကာကွယ်ပေးထားမှု မရှိပါ။ ထိခိုက်အန္တရာယ်သည် ဖြစ်နေကျဖြစ်ပြီး ကလေးများသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများခံစားကြရသည်။
- ကလေးအလုပ်သမားများသည် အချိန်ကြာမြင့်စွာနှင့် မဖြစ်နိုင်သော နာရီပေါင်းများစွာ အလုပ်လုပ်ရသည်။
- အိမ်ဖေါ်အလုပ်သည် ကလေးအလုပ်သမားများထဲတွင် အများဆုံးတွေ့ရသည့်အထဲမှ တစ်ခုဖြစ်ပြီး ဓလေ့ထုံးစံကဲ့သို့ ဖြစ်နေသည်။ အထူးသဖြင့် မိန်းကလေးများတွင် ဖြစ်တတ်ပြီး ယင်းအလေ့အကျင့်သည် အတော်ပင်များပြားသည်။ ယဉ်ကျေးမှု အတော်များများက မိန်းကလေးများ၏ အိမ်မှုလုပ်ငန်း လုပ်ခြင်းသည် ၎င်းတို့ ကြီးပြင်းလာရေးတွင် အဓိကကျသော အပိုင်းတစ်ခုအဖြစ် ဆက်လက်ရှုမြင်နေကြ၍ ဖြစ်သည်။
- မြို့ပေါ်မှ မိသားစုများသည် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများ၊ သို့မဟုတ် အဆက်အသွယ်များမှ တစ်ဆင့် ကျေးရွာများမှ ကလေးများကိုခေါ်ယူကြသည်။ ရောက်လာသော ကလေးအများစုမှာ အလွန် ဆင်းရဲသော မိသားစုများဖြစ်သည်။ အများအပြားသည် စွန့်ပစ်ခံရသူများ၊ မိဘမဲ့များ သို့မဟုတ် မိဘ တစ်ပါးပါး ကွယ်လွန်သွားသော မိသားစုများမှ ဖြစ်သည်။
- ဖြစ်ရပ်အတော်များများ အထူးသဖြင့် စွန့်ပစ်ခံရသူ သို့မဟုတ် မိဘမဲ့များသည် အိမ်ဖေါ်ဖြစ်လာရန် ခိုင်းမည့် မိသားစုပေါ်တွင် မူတည်သည်။ အများအားဖြင့် ကျွန်နှင့် အလားတူဖြစ်လာရသည်။ ၎င်းတို့သည် စားကြွင်း စားကျန်များကို စားရသည်ဟု ကလေးများက ပြောပြသည်။ ပိုက်ဆံအနည်းငယ် သို့မဟုတ် လုံးဝမရရှိကြပါ။ ကြမ်းပေါ်တွင် အိပ်ကြရသည်။ ရုပ်ပိုင်း၊လိင်ပိုင်း မတော်မတရားပြုကျင့်ခံရသည်။ မိသားစုဖြင့် တွေ့ခွင့်မရကြ။ ကျောင်းနေရခဲ့ပြီး သက်တူရွယ်တူ အခြားကလေးများဖြင့် မကစားရပါ။
- အိမ်ဖေါ်ကလေးအလုပ်သမား အများစုသည် အသက် ၁၂ နှစ် မှ ၁၇ နှစ်ကြား ဖြစ်တတ်သည်။ သို့သော် အသက် ၅ နှစ် သို့မဟုတ် ၆ နှစ် အရွယ်သည်လည်း အိမ်ကျွန် ဖြစ်ကြသည်ဟု အချို့လေ့လာမှုများက ဖေါ်ပြကြသည်။
- အိမ်ဖေါ်ကလေးအလုပ်သမားများ၏ အလုပ်ချိန်သည်များပါသည်။ တစ်နေ့လျှင် ၁၅ နာရီ မှ ၁၆ နာရီ အထိ ရှိနိုင်ပါသည်။
- အသက် ၁၈ နှစ်အောက် ကလေးအတော်များများကို အတင်းအကြပ် သို့မဟုတ် ခြိမ်းခြောက်ပြီး လက်နက်စွဲကိုင်စေကာ စစ်သားပြုလုပ်စေသည်။ ယင်းသည်နိုင်ငံတော် သို့မဟုတ်နိုင်ငံတော် လက်နက်ကိုင် မဟုတ်သော အဖွဲ့က ပြုလုပ်နိုင်သည်။ စစ်သား သို့မဟုတ် ပေါ်တာများ၊ ဆက်သားများ၊ ထမင်းချက်များ သို့မဟုတ် လိင်ကျွန်များအဖြစ် ပြုလုပ်စေသည်။ ကလေး ၃၀၀,၀၀၀ ခန့်ရှိပြီး အာဖရိက တစ်ခုတည်းတွင် ပင် ၁၂၀,၀၀၀ ထိရှိသည်။ ယင်းကလေးများသည် အသက် ၈နှစ်အထိ ငယ်ကြသည်။

- ကျေးလက်ဒေသမှ ကလေးများသည် မြို့ပြမှ ကလေးများထက် ပိုအလုပ်လုပ်ရသည်။ ယင်းအခြေအနေ သည် အာဖရိက နိုင်ငံအတော်များများတွင် ပြောင်းလဲလာပြီ ဖြစ်သည်။ မြို့ပြစနစ်အဖြစ် အလျင်အမြန် ပြောင်းလဲလာ၍ ဖြစ်သည်။
- အလုပ်လုပ်သော ကလေးအများစုသည် ပိုက်ဆံမရသည့် မိသားစုအလုပ်သမားများ ဖြစ်ကြသည်။ အထူးသဖြင့် ကျေးလက်ဒေသတွင် ဖြစ်သည်။ ပိုက်ဆံရကြသူများသည် ပုံမှန်နှုန်းထားထက် အလွန်နည်းစွာ ရကြသည်။ ကျား၊မနှင့် အသက်ပေါ် မူတည်ပြီး ရရှိသောနှုန်းထားမှာ ပြောင်းလဲမှုရှိသည်။ မိန်းကလေးများ သည် ယောကျ်ားလေးများထက် နည်းသည်။

# နောက်ဆက်တွဲ (၂)

## ကလေးအလုပ်သမား ဖြစ်စေသော အကြောင်းရင်းခံများနှင့် နောက်ဆက်တွဲ ဖြစ်ရပ်များ

### ပညာရေးကို လက်လှမ်းမမီခြင်း

ကလေးများ ကျောင်းမသွားရဘဲ အလုပ်လုပ်ရသည့် အကြောင်းပြချက် အများအပြားရှိပါသည်။ အခြေခံပညာရေး သည် နိုင်ငံအတော်များများတွင် အခမဲ့မဟုတ်ပါ။ ကလေးအားလုံးအတွက်လည်း အမြဲမရှိပါ။ ကျောင်းများ ရှိလျှင် လည်း ပညာရေးအရည်အသွေး နိမ့်ကျပါသည်။ သင်ရိုးများကလည်း မဆီလျော်ပါ။ ပညာသင်ကြားစရိတ် မတတ်နိုင်သော အခြေအနေများ သို့မဟုတ် မိဘများကပညာရေးကို တန်ဖိုးမထားခဲ့ကြလျှင် ကလေးများကို ကျောင်းသို့မပို့ဘဲ အလုပ်လုပ်ခိုင်းကြသည်။ ဤအခြေအနေသည် မရှိနွမ်းပါးသောကလေးများ၊ ယဉ်ကျေးမှုနှင့် လူမှုရေး မဖွံ့ဖြိုးသေးဘဲ အပါယ်ခံအုပ်စုများမှ ကလေးများအပေါ် အထူးသဖြင့် ထိခိုက်မှုရှိသည်။ ရလာဒ်အနေဖြင့် ၎င်းတို့သည် ကလေးအလုပ်သမား၊ ခေါင်းပုံဖြတ်ခံရသည့် သားကောင်အဖြစ် လွယ်ကူစွာကျရောက်သွားသည်။

### မရှိနွမ်းပါးမှု

ပြောရမည်ဆိုလျှင် ကလေးများအဘယ်ကြောင့် အလုပ်လုပ်ရသည် ဆိုသည်ကို ယုံလောက်အောင် အများဆုံး ပြောဆို နေမှုကြောင့် ဆင်းရဲခြင်းဖြစ်ပေါ်လာရပါသည်။ ဆင်းရဲသော မိသားစုသည် ငွေလိုပါသည်။ ကလေးများသည် မိသားစု ဝင်ငွေ၏ ၂၀ မှ ၂၅ ရာခိုင်နှုန်း ပတ်ဝန်းကျင်အထိ ရှာပေးကြသူများဖြစ်ပါသည်။ မိသားစုဝင်ငွေ၏ လေးပုံတစ်ပုံခန့် ဖြစ်ပါသည်။ ဆင်းရဲသောမိသားစု၏ ဝင်ငွေအားလုံးကို အစားအသောက်တွင် သုံးစွဲရသည်ဖြစ်၍ ကလေးများ ရှာဖွေသည့် ဝင်ငွေသည် မိသားစုအသက်ရှင်ရေးအတွက် အရေးပါလာပါသည်။ မည်သို့ဆိုစေမရှိနွမ်းပါးခြင်းကြောင့် ကလေးအလုပ်သမား ဖြစ်ရသည်ဟုမပြောနိုင်ပါ။ အမျိုးမျိုးမြင်တွေ့နိုင်ပါသည်။ ဆင်းရဲသောမိသားစု အများအပြား တွင် ကလေးအချို့ကို ကျောင်းသို့ပို့လွှတ်ကြပါသည်။ အလားတူပင် အချို့ဆင်းရဲသည့်နိုင်ငံများတွင် ကလေးအလုပ် သမားများကို အလွန်အကျွံအသုံးချသည့် ဒေသများရှိသကဲ့သို့ အခြားအလားတူ ဆင်းရဲသည့်ဒေသများတွင်မရှိပါ။ အိန္ဒိယနိုင်ငံ ကာရီလာပြည်နယ်သည် ဆင်းရဲပါသည်။ သို့သော် ကလေးအလုပ်သမားကို အမှန်အကန် ပါယ်ဖျက်ခဲ့ပါသည်။ နိုင်ငံများသည် ဆင်းရဲခြင်းတူသော်လည်း ကလေးအလုပ်သမားရှိခြင်း မြင့်မားမှုရှိသကဲ့သို့ နိမ့်သည့်နိုင်ငံလည်း ရှိပါသည်။

### ဓလေ့ထုံးတမ်းစဉ်လာ

အချို့နယ်မြေများတွင် ကလေးများသည် မိဘများ၏ ခြေရာနင်းရမည် ဆိုသည်မှာ ဓလေ့ထုံးတမ်းစဉ်လာ ဖြစ်ပါသည်။ အကယ်၍ မိသားစုသည် သားရေနယ်ရသော အွန္တရာယ်များသည့်အလုပ်မျိုးလုပ်သည့်

အစဉ်အလာ ရှိခဲ့လျှင် ကလေးများသည်လည်း ယင်းထဲတွင် ပိတ်မိနေနိုင်ပါသည်။ စက်မှုလုပ်ငန်းများတွင် လုပ်ငန်းပေါ်အခြေခံ၍ ငွေပေးချေ သည့်အခါ ကလေးများသည် မိသားစုများကို ဝိုင်းကူရန် အတူလိုက်ပါကြရသည်။ ဆောက်လုပ်ရေးနှင့် အိမ်တွင်းမှု လုပ်ငန်းများတွင် အများစုကျင့်သုံးပါသည်။

## အမှန်တကယ်ဒုက္ခကြုံတွေ့ရမှု

ဒုက္ခကြုံတွေ့နေရသည့် မိသားစုအများစုတွင် အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေတွင်လုပ်နေရသည့် ကလေးများပိုများပါသည်။ ထိုမိသားစုများသည် ဝင်ငွေနည်းပါးသဖြင့် လူကြီးများထိခိုက်ဒဏ်ရာ ရလျှင်သို့မဟုတ် နေထိုင်မကောင်းဖြစ်လျှင်၎င်းတို့ကို ကုစားရန်သိပ်မတတ်နိုင်ကြပါ။သို့မဟုတ်ကွာရှင်းခြင်း၊ ထွက်ပြေးခြင်းကြောင့် အကာအကွယ်မဲ့ကြရပါသည်။ ထိုမိသားစုသည် အကြွေးများနစ်နေတတ်ပါသည်။ သို့မဟုတ် ကြွေးပူမိနေတတ် ပါသည်။ ယင်းအချက်များသည် ကြွေးမြီနှောင်ဖွဲ့ခံရပြီး အန္တရာယ်ကြုံတွေ့နေရသည့် ကလေးအလုပ်သမား ဖြစ်စေရသည့် အမြစ်တွယ်နေသော အချက်များဖြစ်သည်။ မိသားစုကြွေးမြီဆပ်ရန် ကလေးများကိုနောက်ဆုံး ရောင်းစားရပါသည်။

## ကလေးအလုပ်သမား လိုအပ်ချက်

အလုပ်ရှင်များသည် ကလေးများကိုငှားရမ်းလိုကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် လူကြီးများထက် စရိတ် သက်သာသောကြောင့်ဖြစ်သည်။ အကာအကွယ်ပေးမှု၊ ပံ့ပိုးမှုစသည်တို့ကို တောင်းဆိုမှုမရှိဘဲ တိတ်ဆိတ်စွာ အလုပ်လုပ်ရန် စုစည်းနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့်ယင်းကို ဖြေရှင်းနိုင်သော နည်းတစ်ခုမှာ ယင်းတို့၏ အမူအကျင့်များကို ရပ်သွားအောင်လုပ်ပြီး ထိခိုက်ခံရသူများ၊ ကလေးများနှင့် ၎င်းတို့၏မိသားစုများကို ပြန်လည် ပျိုးထောင်ပေးရေးတွင် ပါဝင်ရေးတာဝန်ယူစေခြင်း ဖြစ်သည်။

ကလေးအလုပ်သမား ဖြစ်ရသည့်အကြောင်းရင်းများကို သုတေသနပြုမှုသည် ကလေးအလုပ်သမား ရနိုင်သည့် အချက်များပေါ်တွင် အာရုံစိုက်လိုကြသည်။ အဘယ်ကြောင့်ဆိုသော် မရှိနွမ်းပါးခြင်းကို တွန်းအားပေးနေသည့် အချက်အဖြစ် အများစုကရှုမြင်ကြ၍ဖြစ်သည်။ သို့သော် ကလေးအလုပ်သမား လိုအပ်မှုတောင်းဆိုနေခြင်းအပိုင်းကို လည်း ထည့်သွင်းစဉ်းစားရပေမည်။ အများစုရှင်းပြချက်များမှာ စရိတ်သက်သာခြင်းနှင့် ကလေးများ၏ကျွမ်းကျင်မှုကို အစားထိုး၍မရခြင်း တို့ဖြစ်သည်။ သွက်လက်သောလက်ချောင်းလေးများ ဥပမာကိုပြကြသည်။ သို့သော် ယင်းအချက် နှစ်ခုလုံးသည် မခိုင်လုံကြောင်း အိုင်အယ်လ်အို ၏ သုတေသနကသက်သေပြခဲ့သည်။

အိုင်အယ်လ်အို၏ ကွင်းဆင်းသုတေသနက သွက်လက်သောလက်ချောင်းလေးများ အယူအဆသည် အန္တရာယ် ကျရောက်နိုင်သည့်စက်မှုလုပ်ငန်းများတွင် မှားယွင်းနေသည်ဟုကောက်ချက်ချခဲ့သည်။ ကော်ဇောယက်လုပ်ခြင်း၊ ဖန်ထည်ပြုလုပ်ခြင်း၊ ကျောက်မိုင်းခွဲခြင်း၊ ထုံးကျောက်နှင့် မှန်ရုပ်များလုပ်ခြင်း၊ တံခါးသော့ ပြုလုပ်ခြင်းနှင့် ကျောက်မျက်သွေးခြင်း တို့ဖြစ်သည်။ ထိုအလုပ်များကိုကလေးများနှင့် ယှဉ်၍လူကြီးများလည်းလုပ်ကြသည်။ အမှန် ဆိုရလျှင်ကလေးများကို မကျွမ်းကျင်သည့်အလုပ်များတွင် တာဝန်ချထားလေ့ မရှိကြပါ။ ကောဇောများကို လက်ဖြင့် ယက်လုပ်ရာတွင်လည်း လက်တည်ငြိမ်တိကျမှုရှိရန် လိုအပ်သော်လည်း ယက္ကန်းသမား ၂၀၀၀ကို လေ့လာမှုအရ ကလေးများသည် လူကြီးများထက် ပိုမကျွမ်းကျင်သည်ကို တွေ့ရသည်။ တကယ်တမ်းတွင် အကောင်းဆုံး ကော်ဇောအချို့မှာ

လူကြီးများ ယက်လုပ်ခြင်း ဖြစ်သည်။ ကလေးများ၏ သွက်လက်သော လက်ချောင်းလေးများသည် ယင်းကဲ့သို့ လိုအပ်သည့် အလုပ်တွင် အဓိကမကျခဲ့လျှင် မည်သည့် ကုန်သွယ်မှုမျိုးက လိုအပ်နေသည်ကို သက်သေ ထူရန် ခက်ခဲ မည် ဖြစ်သည်။

စီးပွားရေးပြန်နလံမထူနိုင်တော့ဆိုသည့် အငြင်းပွားမှုသည်လည်း အနီးကပ်တင်းကျပ်မှုကြောင့် ပြိုလဲသွားတော့သည်။ ကလေးများကို လူကြီးများထက် လျော့ပေးသည်ဆိုသည်မှာ ကိစ္စရပ်တော်တော်များများတွင် မှန်ကန်ပါသည်။  သို့သော် အပိုထွက်လာသည့်ငွေများမှာ ပြောသလောက်ထူးခြားမှုမရှိပါ။ ကလေးများကို အလုပ်ခန့်ထား၍ရရှိသော လုပ်အားခ ကုန်ကျမှုမှပိုရရှိသောငွေများသည် မထင်မှတ်ရအောင်ပင်နည်းသည်ကို အိုင်အယ်လ်အိုက ရှာဖွေတွေ့ ရှိခဲ့ပါသည်။ ဥပမာ- ကော်ဇော သို့မဟုတ် လက်ကောက်များကို နောက်ဆုံးဈေးနှုန်းဖြင့် ရောင်းရာမှရရှိသော အချိုး တွင် လက်ကောက်မှာ ၅ ရာခိုင်နှုန်းနှင့် ကော်ဇောမှ ၅ နှင့် ၁၀ ရာခိုင်နှုန်းဖြစ်သည်။ ဤအခြေအနေမျိုးတွင် ရောင်းသူနှင့် ဝယ်သူနှစ်ဦးကြား လူကြီးများကိုသာခန့်ထားသဖြင့် ထပ်ဆောင်းရမည့် ကုန်ကျစရိတ်ကို လက်ခံနိုင်ဖွယ် ရှိပါသည်။ ဤအခြေအနေများရှိပါလျက် စက်မှုလုပ်ငန်းများသည် အဘယ်ကြောင့် ကလေးများကိုခိုင်းနေကြပါ သနည်း။ အဖြေမှာအကျိုးအမြတ် မည်သည့်နေရာတွင် ရရှိသည်ဆိုသည့်အပေါ် မူတည်သည်။ ဥပမာ- ကော်ဇောယက်သည့် စက်ရုံတွင်ယက်ကန်းပိုင်ရှင်ကိုယ်တိုင် ယက်လုပ်မှုကို ကြီးကြပ်သဖြင့် အကျိုးအမြတ်တိုက်ရိုက် ရရှိသည်။ ၎င်းတို့သည်လည်းဆင်းရဲလေ့ရှိကြသည်။ ကန်ထရိုက်အငယ်စားများသည် ကလေးအလုပ်သမားကို သုံးစွဲသဖြင့် ၎င်းတို့၏ အနည်းငယ်သောဝင်ငွေ(၂) ဆ ရနိုင်ကြသည်။ ရောင်းကုန်တန်ဖိုးကို အနည်းငယ်သာတိုးပေးပြီး ကန်ထရိုက်များကို ပေးသည့်ငွေများကို ဦးတည်ထားခြင်းဖြင့် ယင်းပြဿနာကို အလွယ်တကူကျော်ဖြတ်နိုင်ပါသည်။

ကော်ဇောလုပ်ငန်းအနေဖြင့် အပြိုင်အဆိုင်ဈေးကွက်လုပ်ငန်းတွင် ယှဉ်ပြိုင်နိုင်ရန် ကလေးများကိုစီးပွားရေးအရ သုံးရန် မလိုအပ်ဆိုသည့် ပြောစရာများ ရှိလာပါသည်။ လေ့လာမှုက မည်သည့်စက်မှုလုပ်ငန်းမဆို ယှဉ်ပြိုင်မှုအတွက် ကလေး အလုပ်သမားအပေါ် မှီခိုနေရသလားဆိုသည့် သံသယကို ပေါ်ထွက်လာစေသည်။ လွတ်လပ်သော ကမ္ဘာ့ဈေးကွက် တွင် နိုင်ငံတစ်ခု၌ ကလေးအလု ပ်သမားပယ်ဖျက်လိုက်ခြင်းသည် အခြားလက်ခံကျင့်သုံးနေသူများ လက်ထဲသို့ လုပ်ငန်းကို အလွယ်တ ကူပြောင်းပေးခြင်းမျိုးဆက်လက် ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် အဓိက ကုန်ထုတ်လုပ်သူများ အားလုံး ကလေးအလုပ်သမား အသုံးပြုမှုကို အားမပေးရန် အပြည်ပြည်ဆိုင်ရာလှုပ်ရှားမှုလိုပါသည်။

အထက်ဖေါ်ပြပါတွေ့ရှိချက်များအရ ကလေးများကို ငှားရမ်းသည့် အဓိကအကြောင်းပြချက်သည် စီးပွားရေး အခြေခံ မဟုတ်ဟု ထင်စရာရှိပါသည်။ အခြေခံအားဖြင့် ကလေးများကို စီမံအုပ်ချုပ်ရသည်မှာ ပို၍ လွယ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သူတို့၏ အခွင့်အရေးများကို သိမှုနည်းပါးသောကြောင့်ဖြစ်သည်။ ဒုက္ခသိပ် မများလှပါ။ အတိုင်အတောများသည်၊ ပို၍ယုံကြည်စိတ်ချရသည်၊ အလုပ်ပျက်မှုနည်းသည်။ သင့်အုပ်စု ဆွေးနွေးမှုများ တွင် ဤအချက်များ ရှင်းရှင်းလင်းလင်းပါဝင်မှု ရှိစေရမည်။ ထိုအချက်များအပေါ် အုပ်စုတုန့်ပြန်မှုကို မေးရပါမည်။ ယင်းမှတ်ချက်များကို မည်သို့ထင်ကြသနည်း။ သူတို့သည် စိတ်ဆိုးဒေါသထွက်ကြသလား၊ ဂရုမစိုက်ဘဲ ရှိနေကြ သလား၊ မယုံကြည်မှု ဖြစ်နေကြသလား။ ထိုကြောက်မက်ဖွယ်ရာ ပုံစံမျိုးဖြင့် ကလေးများကိုအသုံးပြုခြင်းသည် ရက်စက်လွန်းရာ ကျပါသည်။ သင့်အုပ်စုအနေဖြင့် ယင်းနှင့်ပတ်သက်၍ စဉ်းစားခံစားမိမည် ဖြစ်သည်။

## ကလေးများအပေါ် အကျိုးသက်ရောက်မှု

ကလေးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖြစ်တည်မှုသည် လူကြီးများနှင့်မတူပါ။ ထို့ကြောင့် အလုပ်၏ အန္တရာယ် ကျရောက်လွယ်သောအချက်များသည် လူကြီးများထက် ကလေးများအပေါ် ပိုသက်ရောက်နိုင်ပြီး ဆိုးဆိုးရွားရွား ပို၍ခံစားကြရသည်။ စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုမရှိသေးသဖြင့် အလုပ်နေရာတွင် ကျရောက်နိုင်သော အန္တရာယ် ဖြစ်နိုင်ချေများကို သိပ်မသိကြသေးပါ။

အန္တရာယ်ကျရောက်လွယ်သည့် လုပ်ငန်းအခြေအနေများသည် ကလေးများ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုအပေါ် ဆိုးရွားစွာသက်ရောက်စေပါသည်။ လေးလံသောပစ္စည်းများ သယ်ပိုးရခြင်း သို့မဟုတ် ပုံမကျသော အနေအထား ဖြင့်အလုပ်လုပ်ရခြင်း အစရှိသည့် ရုပ်ပိုင်းအားစိုက်ထုတ်ရသည့် အလုပ်များသည် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုကို ရာသက်ပန်ပုံပန်းပျက် သို့မဟုတ် မသန်စွမ်းဖြစ်စေပါသည်။ ကလေးများသည် လူကြီးများထက် ဓါတုပစ္စည်းများ၏ အန္တရာယ် ကျရောက်မှုများနှင့် ရောင်ခြည်များ၏ ဒဏ်ကိုပိုခံစားရကြောင်း အထောက်အထားများရှိပါသည်။ ထို့ပြင် ကလေးများသည် ရောဂါကိုခုခံနိုင်စွမ်း အားလည်းနည်းပါသည်။ ကလေးများသည် လူကြီးများထက် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းနှင့် စိတ်လှုပ်ရှား ခံစားမှုပိုင်းတို့တွင် မတော်မတရားပြုမူကျင့်ကြံခြင်းခံရပါသည်။ နှိမ့်ချပြောဆိုခံရခြင်း သို့မဟုတ်ဖိနှိပ်ခံရသည့် ပတ်ဝန်းကျင်တွင် နေထိုင်ရခြင်းနှင့် အလုပ်လုပ်ရခြင်းကြောင့်ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ပျက်စီးမှုပြင်းထန်စွာ ပိုခံရပါသည်။ အလွန်ငယ်သော ကလေးများနှင့် မိန်းကလေးများတွင် ပို၍ခံရပါသည်။ မိန်းကလေးများသည် အောက်ပါတို့ ပိုအဖြစ်များပါသည်။

- ယောက်ျားလေးများထက် ပိုငယ်သော အရွယ်တွင် အလုပ်လုပ်ရသည်။
- အလုပ်ချင်းတူသော်လည်း ရသည့်ငွေ ပိုနည်းသည်။
- လစာနည်းပြီး အချိန်ကြာမြင့်စွာ လုပ်ရသည့် လုပ်ငန်းကဏ္ဍနှင့် နယ်ပါယ်များတွင် များသည်။
- ဖုံးကွယ်ပြီး မှတ်ပုံတင်မထားသည့် စက်မှုလုပ်ငန်းများတွင် လုပ်ကြသည်။ ခေါင်းပုံဖြတ်ခြင်းနှင့် မတော်မတရားပြုမူကျင့်ကြံခြင်းခံရမည့် အလားအလာပိုများစေသည်။
- ကျန်းမာရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို ခြိမ်းခြောက်အန္တရာယ်ဖြစ်သော စက်မှုလုပ်ငန်းများတွင် များသည်။
- ကျောင်းထွက်ရခြင်း သို့မဟုတ် အလုပ်(၃)မျိုးကို လုပ်ရသည်။ အိမ်အလုပ်၊ ကျောင်းအလုပ်၊ ငွေရှာသည့် အလုပ် တို့ဖြစ်သည်။

လုပ်ငန်းခွင်ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေး ကျွမ်းကျင်သူများက လယ်ယာစိုက်ပျိုးရေးသည် အန္တရာယ် အရှိဆုံး လုပ်ငန်းများတွင် ပါဝင်သည်ဟု ယူဆကြသည်။ ယင်းကဏ္ဍတွင် ကလေးအလုပ်သမားရာခိုင်နှုန်းအများဆုံး ရှိသည်။ ရာသီဥတုဒဏ်၊ ငယ်ရွယ်သော ခန္ဓာကိုယ်များအတွက် အလွန်ဝန်ပိသောအလုပ်၊ ရှလွယ်သော ပစ္စည်းများ ကြောင့် ပြတ်ရှခြင်းခံရသည့် မတော်တဆဖြစ်မှုများ အစရှိသည်တို့သည် ကလေးများကြုံတွေ့ရသည့် အန္တရာယ်များ ဖြစ်ပါသည်။ ခေတ်ပေါ်လယ်ယာစိုက်ပျိုးရေးနည်းစနစ်များတွင် နောက်ထပ်အန္တရာယ်များ ပါလာသည်။ ဥပမာ- အဆိပ်ရှိသော ဓါတုပစ္စည်းများ၊ မော်တာဖြင့်မောင်းနှင်ရသော ကိရိယာများဖြစ်သည်။ လယ်ထွန်စက်မှောက်မှုကြောင့် ကလေးအမြောက်အများ အသက်ဆုံးရှုံးရသည်။ သို့မဟုတ် သယ်ယူပို့ဆောင်ရေးအတွက် သုံးသောထရပ်ကားများ၊ ကုန်တင်ယာဉ်ကြီးများကြောင့်လည်း ဖြစ်နိုင်သည်။

နိုင်ငံတော်တော်များများတွင် ကျန်းမာရေးအန္တရာယ်နှင့် ထိခိုက်နိုင်သည့် အလားအလာတို့သည် ကျန်းမာရေး ဝန်ဆောင်မှုနှင့် ပညာသင်ကြားရေးတို့ကို လက်လှမ်းမမီခြင်း၊နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးညံ့ဖျင်းခြင်းနှင့် ကျေးလက်လုပ်သားများ အာဟာရဓါတ်မပြည့်ဝခြင်းအစရှိသည့် အချက်ပေါင်းစုံကြောင့် ဖြစ်ရပါသည်။ လယ်ယာ စိုက်ပျိုးရေးကဏ္ဍတွင် အကာအကွယ်ပေးသော ဥပဒေသည်နည်းပါးသည်။ နိုင်ငံအတော်များများတွင် ကလေးများ အလုပ်လုပ်ရသည့် နေရာများကိုမိသားစုလုပ်ငန်းများ ဖြစ်နေ၍ ဥပဒေမှဖယ်ထုတ်ထားပါသည်။ ဥပဒေရှိခဲ့လျှင်လည်း ကလေးဥပဒေ အကျိုးသက်ရောက်ရန် ခက်ခဲပါသည်။ စက်မှုလယ်ယာစိုက်ပျိုးရေး သဘာဝသည် ပထဝီအနေအထား အရ ပြန့်ကြဲနေ၍ ဖြစ်သည်။

## ကလေးအလုပ်သမားကို အဘယ်ကြောင့် ရပ်ပစ်ရမည်နည်း။

- ကလေးအလုပ်ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် နိုင်ငံတော်တရားဥပဒေကို ချိုးဖေါက်ပြီး ကလေး အားထိခိုက်ပျက်စီးစေသည့် အလုပ်လုပ်ရခြင်းဖြစ်သည်။
- ယင်းတွင် ကလေးများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လူမှုဆက်ဆံရေး သို့မဟုတ် အကျင့်စာရိတ္တတို့ကို ထိခိုက်စေပြီး ကလေးများအား ထိခိုက်ပျက်စီးစေသည့် လုပ်ဆောင်မှုများနှင့် အလုပ်များပါဝင်သည်။
- ကျောင်းတက်ခြင်းကို အနှောင့်အယှက်ဖြစ်စေသည့်အလုပ် သို့မဟုတ် အလုပ်လုပ်ခြင်းနှင့် ကျောင်းတက် နှစ်မျိုး တာဝန်ထမ်းဆောင်ရန် လိုအပ်ခြင်းဖြစ်သည်။
- ၎င်းတို့အားကျေးကျွန်ဖြစ်စေခြင်းနှင့်၎င်းတို့မိသားစုများဖြင့် ခွဲထားသည့်အလုပ်လည်း ဖြစ်နိုင်သည်။
- ယင်းသည် ကလေးများနှင့် ၎င်းတို့မိသားစုကို ဆင်းရဲတွင်းသံသရာထဲ ဆွဲချသွားပြီး ဘဝလိုအပ်ချက်များ မပြည့်မစုံ ဖြစ်စေသည်။
- စိတ်ပိုင်း၊ စိတ်ဓါတ်ပိုင်း၊ မရင့်ကျက်သေးခြင်းနှင့် ခန္ဓာကိုယ်မဖွံ့ဖြိုးသေးသဖြင့် ကလေးများသည် လူကြီးများ ထက် လုပ်ငန်းနေရာများတွင် အန္တရာယ်ကျရောက်မှု အလားအလာပိုများပါသည်။
- ကလေးများသည် အလုပ်လုပ်နေစဉ် ရုပ်ပိုင်းထိခိုက်ဒဏ်ရာရမှု သို့မဟုတ် နေထိုင်မကောင်းဖြစ်မှုတို့ အများဆုံး ဖြစ်သည်ဟုနိုင်ငံအဆင့်လေ့လာစူးစမ်းပြုမှုများက ရှာဖွေတွေ့ရှိပါသည်။ ထိုကလေးများသည် နောက်ထပ်အလုပ် မလုပ်နိုင်တော့ပေ။
- လယ်ယာစိုက်ပျိုးရေးကဲ့သို့ စက်ယန္တယားများနှင့် ပစ္စည်းများပါဝင်သည့် လုပ်ငန်းကဏ္ဍများတွင် ထိခိုက် ဒဏ်ရာရမှု အလားအလာပိုများပါသည်။ ကလေးအလုပ်သမားများအတွက် လယ်ယာစိုက်ပျိုးရေး၊ မိုင်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးတို့သည် အန္တရာယ်ကျရောက်မှု အလားအလာများနိုင်သည့်သက်မှု လုပ်ငန်းများဖြစ်ကြသည်။

# နောက်ဆက်တွဲ (၃)

## အန္တရာယ်ကျရောက်နိုင်သည့် လုပ်ငန်း ဥပမာများ

| လုပ်ငန်း/စက်မှု | အဓိကအလုပ်များ | အန္တရာယ်များ | နောက်ဆက်တွဲ ဖြစ်နိုင်ခြေများ |
|---|---|---|---|
| **မိုင်းလုပ်ငန်း** | မြေအောက်တူးဖော်ခြင်း။ လေးလံသော ပစ္စည်း များ သယ်ပိုး | ထိခိုက်ဒဏ်ရာရောက်စေနိုင်သည့် ဖုန်မှုန့်၊ ဓါတ်ငွေ့၊ အငွေ့၊ ပြင်းထန်သော စိုထိုင်းမှုနှင့် အပူချိန်များ ဖြင့် ထိတွေ့ရခြင်း၊ ပုံပန်း မကျသော ပုံသဏ္ဍာန်ဖြင့် အလုပ်လုပ်ရခြင်း (ဥပမာ ခါးကိုင်း၊ ဒူးထောက်၊ လဲလျောင်း)၊ လှိုင်ခေါင်းတွင်းဂင် | အသက်ရှူ လမ်းကြောင်း ဆိုင်ရာ ရောဂါများ၊ လိမ့်ကျခြင်း၊လှိုင်ခေါင်းထဲ ဂင် ခြင်း ကြောင့်အရိုး ကျိုး၊သေဆုံး၊ |
| **အုတ်ဖုတ်ခြင်း** | ကြွေထည်လုပ်ပုံအဆင့် ဆင့်(ရွှံ့စေးနယ်ခြင်း၊ မြေတူး၊ မြေဖွ၊ မြေထောင်း၊ ဆန်ကာစစ်၊ ရောနှော) | စီလီကာ၊ ခဲနှင့် ကာဗွန် မိုနိုအောက်ဆိုက်များဖြင့် ထိတွေ့၊ အလေးအပင် များ အလွန်အကျွံမရ၊ မီးဖိုမှ မီးပူလောင်၊ စက် ကိရိယာများမှ မတော် တဆ ထိခိုက်မှုရနိုင် | အရိုးနှင့်ကြွက်သားများ ပုံပျက်ပန်းပျက်ဖြစ်၊ ထိခိုက်ရှနာဖြစ် |
| **လယ်ယာစိုက်ပျိုးရေး** | စက်ပစ္စည်းများ၊ စိုက်ပျိုး ရေးဓါတုပစ္စည်းများ၊ တိရစ္ဆာန်များ၊ အပင်များ နှုတ်တင်ပေး ရခြင်းများ လုပ်ရခြင်း | စက်များသည် စိတ်မချရ ခြင်း၊ အန္တရာယ်ဖြစ်စေ သောအရာများ၊ ပိုးသတ် ဆေး၊ အပင်သတ်ဆေး၊ အလေးအပင်မရခြင်း၊ အပူအအေးလွန်ကဲခြင်း | ဓါတုအဆိပ်သင့်မှု (ပြင်းထန်နှင့်တာရှည်)၊ ပြတ်ရှခြင်းနှင့် ခန္ဓာကိုယ် ထိခိုက်ရှနာဖြစ် |
| **ကော်ဖောယက်လုပ်** | ယက္ကန်းစင်တွင် ယက္ကန်း ယက်ရခြင်း | ဖန်းဂတ်ပိုးများ ပါဝင် သည့်ချည်မှုန့်များရှူရ ခြင်း၊ပုံပန်းမကျပုံသဏ္ဍာန် ဖြင့် အလုပ်လုပ် ရခြင်း၊ အလင်းရောင်နှင့် လေဝင် လေထွက် မကောင်းခြင်း၊ အန္တရာယ် ဖြစ်စေသော ဓါတုပစ္စည်းများ | အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါများရ၊ အရိုးကြွက်သားဆိုင်ရာ ရောဂါ၊ မျက်လုံးကိုက်၊ အရွယ်မတိုင်မီ မျက်စေ့ ထိခိုက်၊ ဓါတုအဆိပ် သင့်၊ လုပ်ငန်းနှင့် မဆိုင် သော ရောဂါများ ပိုရစေ သည်။ |
| **ဆောက်လုပ်ရေး လုပ်ငန်း** | မြေတူးခြင်း၊ ပစ္စည်းများ သယ်ခြင်း၊ အုတ် ကျောက်ခွဲခြင်း၊ ဘိလပ် မြေနှင့်သဲ ဂေါ်ပြားထိုးရ ခြင်း၊ သတ္တုလုပ်ငန်း လုပ်ရခြင်း | ပစ္စည်းများ ပြုတ်ကျခံရ ခြင်း၊ စူးရှသော အရာများ နင်းမိခြင်း၊ အမြင့်မှ ပြုတ် ကျခြင်း၊ ဖုန်မှုန့်များ ရှူရ ခြင်း၊ အပူဒဏ် ဆူညံသံ ခံရခြင်း၊ အလေးအပင် မရခြင်း | ထိခိုက်ပျက်စီးစေသော ပစ္စည်းများ ထိတွေ့ရခြင်း၊ တုန်ခါမှုနှင့် ဆူညံသံများ ကြောင့် ကျန်းမာရေး ထိခိုက်ပျက်စီး၊မတော်တဆ ထိခိုက်မှု၊အမြင့်မှပြုတ် ကျ၍ ထိခိုက်ဒဏ်ရာ ရမှုတို့ကြောင့် အလုပ် မလုပ်နိုင်တော့ခြင်း |

| လုပ်ငန်း/စက်မှု | အဓိကအလုပ်များ | အန္တရာယ်များ | နောက်ဆက်တွဲ ဖြစ်နိုင်ခြေများ |
| --- | --- | --- | --- |
| **သားရေနယ်အလုပ်ရုံ** | သားရေနယ်ခြင်းနှင့် သားရေပြား မပျက်စီး အောင် ထိန်းသိမ်းခြင်း | အရေပြားစားပစ်သည့် ဓါတုပစ္စည်းများနှင့် အရေပြားတွင် ကပ်ညှိ နေသော ဗက်တီးယီး ယားပိုးများဖြင့် ထိတွေ့ ရခြင်း | ဖန်းဂတ်ရောဂါပိုးများဝင် ခြင်း |
| **ပင်လယ်နက်တွင်း ငါးမျှားခြင်း** | ရေအောက်မီတာ ၆၀ အထိ ဆင်းပြီး သန္တာ ကျောက်တန်းဖြင့် ပိုက် ကိုချည်နှောင်ခြင်း | ပြင်းထန်သော ဖိအားခံ ရခြင်း၊ အသားစားငါးနှင့် အဆိပ်ရှိသောငါးများ၏ တိုက်ခိုက်မှုခံရခြင်း၊ ပြွတ်ကြပ်ပြီး မသန့်ရှင်း သောအရာများဖြင့် ကြုံတွေ့ရခြင်း | နားစည်များပေါက်ခြင်း၊ သေဆုံးခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်း၊ အစာအိမ်လမ်းကြောင်း ရောဂါနှင့် အခြားကူးစက် ရောဂါများရခြင်း |
| **ဖန်ထည်စက်ရုံ** | ကျိုထားသော ဖန်လ် ရည်များဆယ်ထုတ် ခြင်း၊ ကျိုထားသော နန်းမြေ များ သယ်ရခြင်း | အပူဟပ်ခြင်းနှင့် အပူ ဒဏ်ခံရခြင်း၊ အဆိပ်ဖြစ် စေသော အခိုးအငွေ့များ စီလီကာအမှုန့်များ၊ ပူနေ သည့်ဖန်လ်ခွဲစများ ကိုင် ရခြင်း၊ တက်နင်းမိခြင်း | မတော်တဆမှုကြောင့် ဖြစ်သည့် စိတ်ဒဏ်ရာ ရခြင်း၊ မျက်စိထိခိုက်ခြင်း၊ အပူဒဏ် ဖိစီးမှုခံရခြင်း၊ အသက်ရှူလမ်းကြောင်း ရောဂါရခြင်း၊ ပြင်းထန် သော အပူလောင်ခြင်း၊ ပြတ်ရှခြင်းများ |
| **မီးခြစ်နှင့် မီးပန်းများ လုပ်ခြင်း** | ပူနေသော ဓါတုပစ္စည်း များရောမွှေရခြင်း၊ မီးခြစ်စံများ လုပ်ရခြင်း၊ ယမ်းမှုန့်များ မီးပန်း အတွင်းထည့်ရခြင်း | အန္တရာယ်ဖြစ်စေသည့် ဓါတုပစ္စည်းများ၊ မီးနှင့် ပေါက်ကွဲစေသည့်အရာ များဖြင့် ထိတွေ့ရခြင်း | ဓါတုအဆိပ်ငွေ့များကြောင့် မူးယစ်စေခြင်း၊ အသက်ရှူ လမ်းကြောင်း ရောဂါများ၊ အပူလောင်ခြင်း၊ ပေါက်ကွဲ မှုများကြောင့် ထိခိုက်ဒဏ် ရာရခြင်းနှင့် သေဆုံးခြင်း |
| **စွန့်ပစ်အမှိုက် ကောက်ခြင်း** | ဂုဏ်သိက္ခာမရှိ၊ မသန့် ရှင်းသောအလုပ်များ လုပ်ခြင်း၊ စွန့်ပစ် အမှိုက် ပုံများမှ ပြန်သုံးနိုင်သော ပစ္စည်းများ ကောက်ယူ ခြင်း၊ ဆေးရုံများနှင့် ဓါတုစက်ရုံများမှ စွန့်ပစ် ပစ္စည်းများကိုလက်ချည်း သက်သက်ဖြင့် မွှေနှောက် ခြင်း | မှန်၊ သတ္တုများ ရှခြင်း၊ အန္တရာယ်ရှိသော ပစ္စည်း များ ထိတွေ့ခြင်း၊ ပုတ်သိုးနေသော ပစ္စည်း များမှ ဆူးရှသောအနံ့များ ရှူရခြင်း၊ ယင်ကောင်များ အုံနေပြီး ရောဂါရနိုင်ခြင်း စားကြွင်းစားကျန်များ စားခြင်း | ထိခိုက်ရှမိပြီး မေးခိုင်ပိုးဝင် ကာ သေဆုံးနိုင်သည်၊ ဓါတုအဆိပ်သင့်၊ ကူးစက် ရောဂါများ ကူးစက်ခံရခြင်း သို့မဟုတ် သယ်ဆောင် ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ အပူလောင်ခြင်း (ပေါက်ကွဲ မှုများ) |
| **ကျောက်ပြားများ လုပ်ခြင်း** | လေးလံသောပစ္စည်းများ သယ်ရခြင်း၊ ကျောက်သင်ပုန်း ကျောက်တံလုပ်ရခြင်း | လေးလံသောပစ္စည်းများ သယ်ရသည့်ဒဏ်ခံရခြင်း စီလီကွန်အမှုန့်များ ထိတွေ့ရခြင်း | အဆုတ်ရောဂါရ၊ အရွယ်မ တိုင်မီ အလုပ်မလုပ်နိုင် တော့ခြင်း |

ကလေးအလုပ်သမားကို ရပ်ပစ်

Fundamental Principles and Rights
at Work Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour



ISBN 978-92-2-831294-2